
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်၊ ၂၀၀၄-ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ (၁၀၀၀)

မျက်နှာဖုံး ဒီဇိုင်း
STARS မောင်အုံးဘွယ်

ကွန်ပျူတာစာစီ
ဂျင်မီသောင်းကြူ

အတွင်းအော့ဖ်ဆက်ဖလင်
ဦးအောင်တင်အေးနှင့် သမီးများ

စာအုပ်ချုပ်
အေးစာအုပ်ချုပ်ဌာန

မျက်နှာဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ် ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးလွင်စန်းယဉ် (၀၃၁၁၀) စာပေလုပ်သားပုံနှိပ်တိုက်
အမှတ် ၂၁၁၊ ၃၉ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ရိုး (ခ) ဦးပြည့်စုံ (၀၁၅၈) သွေးသောက်စာပေတိုက်
အမှတ် ၁၀၅/ဘီ-၂၊ ၅၁-လမ်း၊ (၁) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရယ်စရာ ၁၆၀၀၀ | ၁ |
| သိလို့လား သိတယ်လေ | ၅ |
| နတ်သိကြားတို့ လမ်းလျှောက်စေ | ၇ |
| နေရာရှိလို့လား | ၉ |
| အားလားတဲ့ | ၁၁ |
| ကြည့်ချင်လို့ပါ | ၁၃ |
| အရက်ပုလင်းညှဉ်းသူ | ၁၅ |
| ဆရာဦးညာဏနှင့် ဆရာဦးသုခ | ၁၇ |
| ဗိုလ်ဗကိုနှင့် ပုဏ္ဏား | ၂၀ |
| ငါးခြောက်ရာပွဲတော် | ၂၂ |
| သေချာတဲ့ ဆန်နီ | ၂၄ |
| ရှုတင်စားရိတ် | ၂၇ |
| Take Too တိတ်တူး | ၂၉ |
| ပုံနှိပ်တဆွေ | ၃၃ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စိန်ဂျွန်းထွန်းရွှေ စောင်မ | ၃၅ |
| မင်းသားထက် ဘုဏ်ရည်သာ | ၃၈ |
| သန်းခေါင်ယံအသံ | ၄၀ |
| လူပုစိတ်တို ဦးညိုပု | ၄၃ |
| ဆက်တင်လက်သမားဆရာညည်း | ၄၈ |
| ရှုမဝဦးကျော်နဲ့ ရုံစောင့် | ၅၀ |
| ထီးအတူဆောင်းမိလို့ | ၅၆ |
| မောင်လှမျိုးရဲ့ မာစီဒီး | ၅၈ |
| စာချုပ်အတိုင်းပဲ | ၆၂ |
| ဦးတိကျကြီး ပဲရောဆန်နီ | ၆၅ |
| သူ့အကျင့် | ၆၈ |
| မင်းသမီးကို ကြိမ်းမိလေခြင်း | ၇၁ |
| နေကောင်းလား | ၇၅ |
| အင်းလျားကန်မှာ တစ်နေကုန် | ၇၈ |
| ဘာမှ မပေါ်တဲ့ ဖလင် | ၈၂ |
| ကျော်အေး ရယ်နေပုံ | ၈၅ |
| ဇာတ်ညွှန်းကျန်ခဲ့လို့ | ၈၇ |
| ဇာတ်ညွှန်းရေးတဲ့ ဆရာတဲ့ဗျား | ၉၀ |
| အရက်ပြန် ဒါရိုက်တာ | ၉၂ |
| ရွှေဘထမင်းဆိုင် | ၉၄ |


## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒါရိုက်တာ ဦးလွန်းဖေကြီး ဒေါ်ပွ | ၉၆ |
| စတော့မိုးရှင်း အလွယ်ကလေး | ၉၈ |
| ဂျောက်ကျတဲ့ မီးရှို့ခန်း | ၁၀၁ |
| တယ် ဘိုဆန်ပါလား | ၁၀၄ |
| အိုင်ဒူးလိုက်ဒစ္စ | ၁၀၆ |
| ဟိတက်ဒစ္စကပ်ရှင် | ၁၀၈ |
| ဆာပေါ်ထွန်း ပုန်းနေရ | ၁၁၀ |
| မှားတဲ့အခါလည်း မှားပေမပေါ့ | ၁၁၂ |
| မွေးမွေးပေးတာ အပြစ်လား | ၁၁၆ |
| ဘယ်သူတွေ ပြောသလဲဟော့... | ၁၂၁ |
| ကုလားထိုင်ကို ဘယ်လိုရေးရပါ | ၁၂၄ |
| ကံစမ်းမဲဖောက်မယ် | ၁၂၆ |
| ကျားဘညိမ်းရဲ့ ဟာသ | ၁၂၈ |
| ကျားဘညိမ်း – မင်း ငယ်ပါသေးတယ်တဲ့ | ၁၃၂ |
| မြန်မာ့ရုပ်ရှင်က မဒန်အိပ်စ်များ | ၁၃၅ |
| ကျွန်တော်လည်း ထိုနည်းလည်းကောင်း | ၁၃၇ |
| ချောကလက်နို့အေးချောင်း | ၁၃၈ |
| အသက်မကြီးချင်တဲ့ ဒါရိုက်တာ | ၁၄၁ |

www.burmeseclassic.com

❀ ရယ်သောသူ၏ မျက်နှာနှင့်
ငိုသောသူ၏ မျက်နှာ...။

❀ မဲ့သောသူ၏ မျက်နှာနှင့်
ပြုံးသောသူ၏ မျက်နှာ...။

အဘယ်မျက်နှာကို စာဖတ်သူ
နှစ်သက်ပါသနည်း။

BURMESE CLASSIC .com



# ရယ်စရာ ၁၆၀၀၀

ဟာသ ငနဲ၊ ရယ်စရာ 'ဘဲ' ကျွန်တော်မျိုး 'လဒ' သည် သွေးသောက်မဂ္ဂဇင်း အမှတ်(၇) ၁၉၄၆–ခုနှစ်၊ ဇွန်လထုတ်မှ စတင်ကာ ကလောင်သွေးခဲ့သူ ဖြစ်ပါ၏။

'လဒ' သည်လည်း လာမည့် ဇွန်လဆိုလျှင် ကလောင်သက် (၅၀) ပြည့်တော့မည်။

'လဒ' ဆိုသော ကလောင်အမည်ကို ဘာကြောင့် ဘယ်လို ယူခဲ့ပါသနည်းဟု အချို့က မေးကြပါ၏။

ဆရာဆရာမများဖြစ်ကြသော ဇဝန၊ ရွှေအ၊ သတိုးအိမ်၊ မှုန်းသော်တာ၊ ညိုမြ၊ မောင်ထင်၊ မန်းတင်၊ ကုသ၊ မာလာ၊



www.burmeseclassic.com

www.burmeseclassic.com



သော်တာဆွေ၊ မိုးဟိန်း၊ ကြုပ်ကလေး၊ ကြူမွေး၊ အိကြာကွေး၊ ချင်အောင် စသူများက သူတို့ကလောင်အမည် မှည့်ခေါ်ခဲ့ကြပုံကို အမျိုးမျိုး ပြောခဲ့ ရေးခဲ့ကြသည်။

ကျွန်တော်မျိုး 'လဒ' ကတော့ ကိုယ့်ကိုယ်ကို အမွှမ်းတင် မနေတော့ပါ။

သွေ့ သောက်မဂ္ဂဇင်းကို ထိုစဉ်က တိုးဝက်ရေး သတင်းစာ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်လျက် ရှိ၏။

ကျွန်တော်မျိုး 'လဒ'သည် ဆရာပြည့်စုံကို သွားရောက် ကူညီ လုပ်ကိုင်ရင်း သူ့စားပွဲပေါ်တွင် ဘလောက်တုံးကလေးများ တွေ့ခဲ့ ရ၏။

ထိုဘလောက်တုံးများသည် တိုးတက်ရေးပုံနှိပ်တိုက်မှ အသုံး ပြုပြီး စွန့်ပစ်ထားသော ဘလောက်တုံးဟောင်းများ ဖြစ်သည်။

ကျွန်တော်မျိုး 'လဒ'သည် ဘလောက်တုံးပုံထဲမှ ဘလောက် တုံးတစ်တုံးကို ဆွဲယူလိုက်ရာ 'လဒ'ကောင်တစ်ကောင် လည်ပင်း ရှည်ရှည်နှင့်ပုံ ဖြစ်နေ၏။

"ဟာ...အတော်ပဲ၊ ဒီ 'လဒ'ရုပ်နဲ့ ရွှေလင်းယုန်ကို နှောက်ရ ဦးမယ်"

တစ်ထိုင်တည်းမှာပင် သွေးသောက်အယ်ဒီတာ စားပွဲပေါ်တွင် 'ရှာရှာဖွေဖွေ' နာမည်ဖြင့် ပင်တိုင်အခန်းတစ်ခန်း ရေးပေးလိုက် ခဲ့၏။





ဆရာ ဂျာနယ်ကျော်ဦးချစ်မောင်က 'ရွှေလင်းယုန်' အမည်ဖြင့် ဂျာနယ်ကျော်တွင် 'ရှာရှာဖွေဖွေ' အမည်ဖြင့် ရေးခဲ့ဖူး၏။

သူ့ 'ရှာရှာဖွေဖွေ'က ဘာသာပြန်ဆောင်းပါး ဖြစ်သွားပြီ အထူးအဆန်းများကို ရှာဖွေရေးသားထားခြင်းဖြစ်၏။

ကျွန်တော် 'လဒ' ၏ ရှာရှာဖွေဖွေကမူ ထိုခေတ် စာပေ လောကမှ ရယ်စရာများကို ရှာရှာဖွေဖွေ ရေးသားခြင်းဖြစ်ပါ၏။

(ရေးက 'ပီမိုးနင်း'ကြီးသည် အရက်သောက်ရမှ စာရေးနိုင် သည်။ ယခုလည်း 'ရဲထွတ်'သည် ဆေးတံတစ်အိုးကုန်မှ၊ 'မဟာဆွေ' သည် တစ်ရေးနိုးပြီးမှ၊ 'ဦးဉာဏ'သည် ဆေးပေါ့လိပ်ခြောက်လိပ် လောက် ကုန်မှ စာရေးနိုင်ကြသည်ဟု ကြားရ၏။)

နာမည်ကျော်ဝါအရင့်ဆုံး စာရေးဆရာကြီးတစ်ဦး၏ဇနီးက... "အိမ်မှာ ပုလင်း ဘယ်လောက်ပေါ်သလဲဆိုရင် ပုလင်းဆိုင်တစ်ဆိုင် ထောင်နိုင်တယ်" ဟု အရှေ့ပိုင်းမှ ကုန်စုံဆိုင်တစ်ဆိုင်တွင် ပြောသံ ကြားရသည်။

အိမ်တံခါးဝတွင် "သတိပြု၊ ဖိနပ်မစီးရ" ဟု စာဆွဲထားသဖြင့် "မေမြို့မောင်အိမ်ဟာ ဘုန်းကြီးကျောင်းထဲမှာလား" ဟု ဇဝနက မေးဖူးသည်။

'ရှာရှာဖွေဖွေ'ခန်းတွင် စာရေးဆရာ၊ သတင်းစာဆရာ၊ ထုတ်ဝေ သူအားလုံးကို ကလောင်နှင့် ပျော်တော်ဆက်ထာ ရာ သတင်းစာ တစ်စောင်ကပင် "စာရေးတဲ့အခါ လဒရုပ် မပေါက်အောင် ရေးပါ" ဟု ပြန်နှက်ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေ ဘာပြောပြော ‘လဒ’ကတော့ ချိုးမွမ်း ကဲ့ရဲ့ (၇)ရက်ဟုသာ သဘောထားကာ ကိုယ့်တာဝန်ကို ကျေပွန်စွာ ရေးခဲ့၏။

သို့ရာတွင် အယ်ဒီတာဦးပြည့်စုံက ပဲခူးမြို့၊ ဟသ်ာကုန်းရပ်မှ ခွေးတစ်ကောင်ကို ‘ပြည့်စုံ’ဟု မှည့်ထားကောင်း ရေးထည့်လိုက်လို့လား မသိ။ ၆ ပတ်၊ ၇ ပတ် အရောက်တွင် “ကိုရင် . . .ရယ်စရာဝတ္ထုတွေ ပြောင်းရေးဗျာ” ဟု အမိန့်ချလိုက်ပါတော့၏။

❁



## သိလို့လား သိတယ်လေ

အာစရိ ဦးပြည့်စုံနဲ့ ဒေါ်နီနီငြိမ်းတို့ရဲ့ လက်ထပ်မင်္ဂလာပွဲကို လုပ်တုန်းကပေါ့၊ စာပေနဲ့ရုပ်ရှင်က အာစရိတို့ရဲ့ မိတ်ဆွေရောင်းရင်းတွေလည်း လက်လှမ်းမီသရွေ့ ဖိတ်ခဲ့တယ်။

အဲဒီပွဲမှာ ခင်သန်းနု၊ မြင့်မြင့်ခင်၊ ခင်ယုမေ၊ ယုနန္ဒာမြင့်၊ ဆုမတြာ၊ မေဆွတို့အပြင် ရုပ်ရှင်မင်းသားကြီး တစ်ယောက်လည်း တွေ့ခဲ့ရတယ်။

မင်္ဂလာညစာခံပွဲပြီးတော့ ဧည့်ပရိသတ်တွေ နှုတ်ဆက်ကြနဲ့ ပျော်စရာကြီး။

စပယ်ဦး စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ လူတစ်ယောက်က မင်းသားကြီးကို ရင်းရင်းနှီးနှီး လာနှုတ်ဆက်တာကို တွေ့ရတော့ မင်းသားကြီးက အဲဒီလူကို သိပ် မမှတ်မိလို့ မေးယူရတယ်။

"ခင်ဗျား...ကျွန်တော့်ကို ရင်းရင်းနှီးနှီး သိလို့လား"

"သိတာပေါ့"

"ဘယ်မှာ သိတာလဲ၊ ဘယ်တုန်းကလဲ၊ ကျွန်တော် ကောင်းကောင်း မမှတ်မိလို့၊ စိတ်မရှိပါနဲ့နော်"

"ခင်ဗျာနဲ့ ဘယ်မှာ သိသလဲဆိုတော့ ရုပ်ရှင်ထဲမှာပေါ့၊ ကျွန်တော်...ခင်ဗျားကားတွေ သိပ်ကြိုက်ခဲ့တယ်လေ"

မင်းသားကြီးလည်း သည်တော့မှ သူ့ပွဲကြည့်ပရိသတ်မှန်း သိသွားကာ...

"သြော်...ဟုတ်လား၊ ကျေးဇူးတင်ပါတယ်ဗျာ" ဟု ပြောဆို လက်ဆွဲနှုတ်ဆက်ရတော့တယ်။



## နတ်သိကြားတို့ လမ်းလျှောက်စေ

တစ်ခါက ရုပ်ရှင်ဆင်ဆာအဖွဲ့တွင် သိကြားတို့က တန်ခိုးတော်ဖြင့် ကောင်းကင်ခရီး ဝေါ်ဖြင့် ဘုရားပင့်ဆောင်ခန်း ပါလာရာ အဆိုပါ ဆင်ဆာလူကြီးက ဆိုရှယ်လစ်ခေတ်မှာ ခေတ်နောက်ပြန်ဆွဲတဲ့ ကောင်းကင်ဈာန်ကြွတာ မပြရဆိုသဖြင့် ဒါရိုက်တာက နတ်သိကြားတို့ ကုန်းကြောင်း ဝေါ်ထမ်းသောအခန်းကို ပြင်ရိုက်လိုက်ရသည်။

တစ်နေ့ ထိုအရာရှိကြီး ပင်စင်ဖြင့် လမ်းဘေးသို့ ရောက်ရာ သူ့ကျေးဇူး မကင်းရာ မကင်းကြောင်း ရုပ်ရှင်သမားများ က ဟိုတယ်တစ်ခုတွင် ထမင်းဖိတ်ကျွေးကြသည်။

စပယ်ဦး စာပေ

www.burmeseclassic.com

www.burmeseclassic.com




ထိုအရာရှိက သူ ရာထူးရာခံ မရှိသော်လည်း ယခုလို အသိအမှတ်ပြု ကျေးမွေးသဖြင့် လမ် လျှောက်နေရကြောင်း ပြောညည်းရာ တစ်ယောက်က ဝင်ပြောသည်။

"ဆရာ ဘာဖြစ်လို့ ခု...လမ်းလျှောက်နေရသလဲ သိလား"

"ဆိုစမ် ပါဦး"

"တစ်ခါက ဆရာ... မကွေး မြသလွန်ဓာတ်ကားမှာ နတ်သိကြား တွေကို လမ်လျှောက်ခိုင်းလို့ ခု...ကြွေးပြန်ဆပ်ရတာလေ" တဲ့။

❁



## နေရာရှိလို့လား

ဓာတ်ညွှန်းရေးဆရာ ဒါရိုက်တာ လှမွန်သည် ဗြိတိသျှအာ မာ ရုပ်ရှင်ခြံထွက်ဖြစ်သည်။ ကုန်းဘောင်ရွှေလှ အမည်ဖြင့် ဓာတ်ညွှန်းများ ရေးခဲ့သည်။ ၁၉၄၆–ခုနှစ်ကစ...

နောက်မှ လှမွန်အမည်ဖြင့် ပြောင်းရေးပြီ ဒါရိုက်တာပါ လုပ်သည်။ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးပါ တည်ထောင်နိုင်ခဲ့၏။

ရုပ်ရှင်လောကတွင် ဂျင်ပေါက ထုံ့ပမာ လည်သူရှိသလို သချိုင်းကုန်းက လူရိုးထက် ပိုရိုးသူလည်း ရှိပေ၏။

ဒါရိုက်တာ လှမွန်သည် အလွန်မှ ရိုးသာသူဖြစ်၏။

တစ်နေ့ မိုးတွေ ရွာနေသည်။

အိမ်ပြန်ဖို့ ဘတ်စ်ကား စောင့်နေ၏။ သူနှင့်အတူ မိန်းမ တစ်ယောက်က လွဲပြီး အခြားခရီးသွားများ မရှိ၊ ဘတ်စ်ကာ ကလည်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်နှင့်မလာ၊ ချမ်းကလည်း ချမ်းလာသဖြင့် နီးရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ မိုးခိုရင်း ဝင်ထိုင်မည်ပြု၏။

ကိုလှမွန်က စေတနာနှင့် ချမ်းတုန်နေရှာသော မိန်းကလေးကို သူနှင့်အတူ လက်ဖက်ရည် လိုက်သောက်ပါလားဟု ခေါ်လိုက်၏။

မိန်းကလေးကလည်း ငြင်းမနေ၊ သူနှင့်အတူ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်၏။

ခုမှ တွေ့၊ ခုမှ သိရသော်လည်း စေတနာကောင်းသူ ကိုလှမွန်က "စားပါ သောက်ပါ" နှင့် စေတနာ ရေစီးကမ်းပြိုနေ၏။

မိန်းကလေးကလည်း ဟန်လုပ်ကာ ငြင်းတောင်မနေ၊ ကျွေးသမျှကို အားမနာတမ်း စားသည်။

ကျသင့်သမျှငွေကို ကိုလှမွန်က တွန့်တိုခြင်းမရှိ၊ ကောင်တာသို့ ထရှင်းပြီး စားပွဲသို့ ပြန်လာပြီး လက်ဖက်ရည်ကြမ်းတစ်ခွက် ငုံ၍ သောက်နေသည်။

"ကျုပ်ကတော့ စေတနာနဲ့ ကိုယ့်အမျိုးသမီးတစ်ယောက် အဖော်မပါ တစ်ကိုယ်တည်း ချမ်းနေရှာနေမှာပဲလို့ လက်ဖက်ရည် ခေါ်တိုက်တာဗျာ၊ သူက ဘာပြောတယ် မှတ်သလဲ"

"ရှင့်မှာ နေရာရှိလို့လားတဲ့"

"ဟာ...ဟာ...ကျွန်တော် ဒီလိုသဘောနဲ့ ခင်ဗျားကို ခေါ်တာမဟုတ်ပါဘူးလို့ ပြောပြီး ကျုပ်မြန်မြန်လစ်လာခဲ့တာဗျို့..." တဲ့။

✿



## အားလားတဲ့

မင်းသမီး စန်းစန်းဝင်က မီးဘေးဒုက္ခသည်ပါ။

တောင်ဥက္ကလာပကနေ လှိုင်သာယာကို ပြောင်းသွားရတာပေါ့။

ဒီတုန်းက ဘုရင့်နောင်တံတား ကြီးကဆို အိပ်မက်တောင် မမက်ရသေးပါဘူး။ နေ့စဉ် ဇက်နဲ့ အင်းစိန်တစ်ဖက်ကမ်းကို ကူးလာ၊ ဒီဘက်ကမ်းကျမှ ရန်ကုန်ကို ဘတ်စ်ကားစီးရတယ်။

သူ့ခမျာ အလုပ်ရှိလို့သာ လာရတယ်၊ မသက်သာလှဘူး။

တစ်နေ့တော့ သူ့လက်စွဲတော် မချိုနဲ့ နေပူကြီးထဲ ချွေးတွေသန်တွေနဲ့ ရပ်ရှင်ကုမ္ပဏီတစ်ခုကို ရောက်လာတယ်။

ဒေါ်တွေ မောတွေနဲ့ ပါလာတဲ့ ထီးကို ပစ်ချပြီး ဆဲဆိုနေတော့တာပဲ။

စပယ်ဦး ဇာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...မိစန် ဝင်း၊ ဘယ်လိုဖြစ်လာကာလဲ၊ ဘယ်သူ့ကို ဒေါကန်နေတာလဲ" ပေါ့။ ဝိုင်းမေးကြတော့ စန်းစန်းဝင်းက ဘာပြောတယ် မှတ်တုန်း။ "မပြောပါနဲ့တော့ အစ်ကိုရယ်... မချိုနဲ့ လာကြတာ နေ့က ပူရတဲ့အထဲ တရုတ်တစ်ယောက်က နောက်က လိုက်လာပြီး အမေးခရလို့ပေါ့"

"ဘယ်လိုများ မေးလို့လဲ"

"အာ လာ တဲ့...လူကိုများ ဘာအောက်မေ့လို့လဲ မသိဘူး၊ ပါးကျိုးသွားမယ်ဆိုတော့ အမြီးကုပ် ပြေးလေရဲ့"

"မှင်ကို ဆိုက္ကာ မှတ်လို့ ငှားစီးမလို့ နေမှာပေါ့ဟဲ့..." ဟု တစ်ယောက်က ပြောလိုက်သဖြင့် ဝိုင်းရယ်ကြရ၏။



# ကြည့်ချင်လို့ပါ

တစ်ခါတော့ ပေလီကို ရုပ်ရှင်ရိုက်အဖွဲ့တစ်ဖွဲ့ ရှုတင်ထွက်ကြသတဲ့။

ပေလီမှာ 'ပွဲမဝင်ခင် ပြင်က ကျင်းပ' ဆိုတဲ့ကား အတိုင် ပါလာတဲ့ မိန်းကလေးတွေ မင်းသမီးပါမကျန် ဘီကီနီရေကူးဝတ်စုံနဲ့ ရေထဲ ဆင်းခိုင်းလိုက်တယ်။ ပြီးတော့ ပြန်တက်လာကြဦး ဆိုပြီး စီတန်းလျှောက်ခိုင်းတယ်။

ပြီးလည်းပြီးရော "ဒီအတိုင်းရိုက်ရင် ဆင်ဆာဖြတ်လိမ့်မယ်၊ အားလုံး လုံလုံခြုံခြုံ သဘက်ကလေးတွေ ယူခြုံ" လို့ ခိုင်း လိုက်ရော...

ဒီတော့ မင်းသမီးက မနေနိုင်တော့ဘူး။

စပယ်ဦးတာပေ

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ဆရာရှယ်...ဆင်ဆာဖြတ်မယ်ထင်ရင်လဲ ဘာဖြစ်လို့ စောစောက ကျွန်မတို့ကို မလုံမလဲကြီးနဲ့ ရေထဲ ဆင်းခိုင်းရတာလဲလို့" နှုတ်လှန်ထိုးသတဲ့။

ဒီတော့ ကိုရွှေဒါရိုက်တာက ဘာပြောတယ် မှတ်လဲ...

"အဲဒါတော့ ငါကြည့်ချင်လို့" တဲ့။

❁



# အရက်မှုလင်းညှဉ်းသူ

ဆရာရွှေဒုံးဘီအောင်သည် တပည့်တပန်းများ ကို ရုပ်ရှင်ရိုက်ကွင်း ဟွင်း အမြဲအလိုလိုက် အကြိုက်ဆောင်ကာ စေခိုင်းတတ်သဖြင့် တပည့်အားလုံးက ချစ်ကြောက်ရိုသေကြ၏။

တစ်ခါသော် ကင်မရာမင်း ဦးဘကြည်က မင်းသားနှင့် မင်းသမီး ရေစပ်တွင် ချစ်တင်းနှီးနှောခန်းကို ရေထဲဆင်းကာ ရိုက်ခိုင်းဟောသည်။

"မောင်ဘကြည်ရာ လှေပေါ်ကနေ ရိုက်လို့တော့ ရသကွယ်၊ ဒါပေမယ့် လှေကလဲ မငြိမ်ဘူး၊ အင်ဂဲလ် (ကင်မရာအနေအထား)လဲ မကြိုက်ဘူး၊ Same Level (စိန်လယ်ဗယ်) (အနေအထား တည်သို

www.burmeseclassic.com



တည့်) လိုချင်တယ်ကွာ၊ ခိုင်းတယ်လဲ မထင်ပါနဲ့၊ မင်း လူရော ကင်မရာပါ ရေထဲဆင်းစမ်းကွာ၊ ရေက တိမ်ပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ ရေက မနက်ပါဘူး၊ ဒါပေမယ့် ဆရာ… ရေထဲမှာ အကြာကြီး စိမ်နေရမှာမို့ ချမ်းတယ် ဆရာ"

"ဟေ့…ဘကြည်၊ မင်း အရက်သောက်ချင် သောက်ချင်တယ် ပြောစမ်းပါ၊ ဟေ့…အုန်းကြည် (ရှုတင် မန်နေဂျာ) အရက်တစ်လုံး သွားဝယ်စမ်းကွာ၊ ဒီကောင် သူလိုချင်တာ မရမချင်း ကပ်နေမှာပဲ"

"ဟုတ်ကဲ့ ဆရာ"ဟု အုန်းကြည်က ကားနှင့်ပြေးပြီး အရက် တစ်ပုလင် ဝယ်ပေးရသောဟူ၏။

❁



# ဆရာဦးညာဏ နှင့် ဆရာဦးသုခ

ဒါရိုက်တာ စာရေးဆရာ ဦးညာဏအား လွတ်လပ်ရေးရပြီး ခေတ်တွင် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာချုပ်အဖြစ် လစာတစ်ထောင်ဖြင့် ခန့်ထားခဲ့သည်။

ကုမ္ပဏီမှ ရိုက်မည့် ဇာတ်ညွှန်းဟူသမျှ စစ်ဆေးကြည့်ရှုရပြီး ရိုက်ပြီးသမျှ ဇာတ်ကားများကိုလည်း ကြည့်ရှုစစ်ဆေးရသည်။

တစ်ခါက ဆရာဦးသုခ၏ 'သည်ဆောင်းဟေမာန်' (၁၉၅၃) ဇာတ်ကားရိုက်ပြီးသဖြင့် ခြံထဲတွင် အစမ်းပွဲပြသရာ သူဌေးဦးညွှန့် နှင့်တကွ ဒါရိုက်တာပေါင်းစုံနှင့် ဇာတ်လိုက်ပေါင်းစုံ လာရောက်ကြည့်ရှု ကြသည်။

စပယ်ဦးတာလ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဇာတ်ကားကို စိတ်ပါဝင်စားစွာဖြင့် ထိုင်ရာမထဟာမ်း ကြည့်ရှုခဲ့ကြသည်။

ဆရာဦးဉာဏကမူ မကြာခဏ သူ၏ နေရာတွင် မရှိဘဲ ရေအိမ်သို့သာ သွားနေခဲ့သည်။

ဆရာတွင် ဆီး ခဏခဏသွားရသော အကျင့်ရှိသဖြင့် မအောင့်နိုင်သဖြင့် သွားခြင်း ဖြစ်သည်။

ဇာတ်ကား ပြသပြီးသောအခါ ကြည့်သူအားလုံးက 'သည်းဆောင်းဘောမာန်' ကို သဘောကျ နှစ်ခြိုက်ကြ၏။

အထူးသဖြင့် သူဌေးဦးညွန့်က ဆရာသုခ၏ လက်ရာကို အထူးနှစ်ခြိုက် သဘောတွေ့နေသည်။

"ကဲ...ကိုအုံးမောင် (ဦးဉာဏ၏ ငယ်နာမည်) ခင်ဗျားကကော ဘယ်လိုလဲ၊ သဘောကျရဲ့လား"

သူဌေးဦးညွန့်၏အမေးကို ဆရာဦးဉာဏက အားမနာတမ်း ပြန်ဖြေလိုက်ပုံက...

"အင်း...ကျုပ်ကတော့ မစွဲဘူး၊ ကားကိုကြည့်ရင်း ပျင်းစရာကြီး၊ သဇင်ပန်းကလေးကို ရှီးမယ်ဖွဲ့နေတာပဲ"

ထိုအခါ ဆရာသုခက ဒေါကန်သွားကာ...

"ကိုအုံးမောင်က ဘယ် ကားကိုစွဲမှာလဲ၊ ရုပ်ရှင်ကို အစအဆုံးမှ ထိုင်မကြည့်ဘဲ၊ အိမ်သာခဏခဏ ထသွားနေတာကိုးဗျ"





ဆရာဦးညာဏက သွားကျိုး နှင့် ပါးချိုင့်အောင် ပြုံးရယ်နေရာမှ ဇီ ကရက်ကာစ်လိပ်ထုတ်ကာ စွပ်တံတွင် ထည့်ပြီး မီးညှိရှူဖွာနေလိုက်သည်။

စကားနည်း ရန်စဲ သူဌေးဦးညွန့်က ကြားဝင်ဖျန်ဖြေလိုက်ရသောဟူ၏။

"အေးဗျာ...ကိုအုံးမောင်က သူ့ရောဂါနှင့်သူ ဆီးခဏခဏ သွားနေရတော့ ဇာတ်ကားအရသာကို ဘယ်ခံစားနိုင်မှာလဲ၊ မဟုတ်ဘူးလား"

❀

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ဗကို နှင့် ပုဏ္ဏား

ဗိုလ်ဗကိုသည် လက်ဖက်ရည်ကြိုက်သူဖြစ်၏။ သူ သွားသောက်နေကျ လက်ဖက်ရည်ဆိုင် ရှိ၏။ သူသွားလျှင် ဆိုင်က သူ့စိတ်ကြိုက် 'ပုဏ္ဏား'ဟု ခေါ်သော လက်ဖက်ရည်ကျကျ ရေနွေးနည်းနည်းနှင့် ခွက်တစ်ဝက်သာ ဖျော်လာရသည်။

တစ်နေ့တွင် ဗိုလ်ဗကိုသည် လမ်းဘေးက ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်၏။ ဗိုလ်ဗကိုက ဧည့်သည်အတွက်ပါ လက်ဖက်ရည်နှစ်ခွက် မှာလိုက်သည်။

ဗိုလ်ဗကိုသည် လက်ဖက်ရည်နှစ်ခွက်ကိုကြည့်ကာ ရှုံ့မဲ့သွားပြီး စားပွဲထိုး ကို လှမ်းခေါ်လိုက်၏။

"ဟေ့...ငါသောက်နေကျ ပုဏ္ဏားဖျော်ပေးလေ"





"ဟာ...ရပါတယ် ဆရာ"

ပြောပြောဆိုဆို စားပွဲထိုးက လက်ဖက်ရည်ပန်းကန်ခွက်များ ပြန်သယ်သွား၏။

သို့ရာတွင် ဆိုင်တွင် လူကျချိန်ဖြစ်၍ ဖျော်သူထံ ပြန်မပို့ဘဲ ခပ်လှမ်းလှမ်း သစ်ပင်ခြေရင်းသို့ သွားကာ လက်ဖက်ရည်တစ်ဝက် သွန်ထည့်လိုက်ပြီး ဗိုလ်ဗကိုထံ ပြန်ယူလာခဲ့၏။

ဗိုလ်ဗကိုသည် လက်ဖက်ရည်ခွက်ကို ကြည့်ကာ ကျေနပ်သွားဖြင့်...

"အေး...ဒီလိုမှပေါ့ကွ၊ နောက်ကို မှတ်ထား၊ ငါက အမြဲတမ်း 'ပုဏ္ဏား'ပဲ သောက်တယ်ကွ"

ပြောပြောဆိုဆို လက်ဖက်ရည်ကို အရသာခံသောက်နေလေ၏။

စားပွဲထိုးသည် သူ လူလည်ကျလိုက်သည်ကို ရယ်ချင်သောကြောင့် လှည့်ပြေးသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



# ငါးခြောက်ရှာပုံတော်

ဆရာသုခသည် ရုပ်ရှင်ရိုက်လျှင် သူ လိုချင်တာ မရမချင်း ကင်မရာကို မလှည့်ခိုင်းတတ်။

ဆရာဝန်ခန်းဆိုလျှင်လည်း တကယ့်ဆရာဝန်၊ ခေတ်အလိုက် ပန်ချာပီဆရာဝန်ဆို ကိုဘီဆင်းကို ရအောင် ခေါ်ပေးရ၏။

မန္တလေး ရုပ်ရှင်မှ 'ဘဝသံသရာ' ဇာတ်ကားတွင် ဆရာသုခနှင့် မေသစ်တို့မောင်နှမ ထမင်းစားခန်း ပါ၏။ မောင်နှမနှစ်ယောက် အချစ် ကို ဖော်ပြသောအားဖြင့် "အစ်ကိုကြီး စား၊ ညီမလေး စား" နှင့် ဟင်း ဖတ်တွေ ထည့်ထည့်ပေးခန်း ပါ၏။

ထိုအခန်း ကို ညသန်း ခေါင်အချိန်တွင် ရိုက်မည်ပြုသောအခါ ဆရာသုခက ငါးခြောက်ဆီဆမ်းကို ဟင်းချက်ခိုင်းသဖြင့် မန္တလေး





ရုပ်ရှင်မှ လူကြီးဦးကျော်ဝင်းကို ငါးခြောက်ဆီဆမ်း ဟင်းတစ်ခွက် လိုသေးကြောင်း ပြော၏။

ဦးကျော်ဝင်းက ဆက်တင်ဒါရိုက်တာ ဦးဘရှင်အား ငါးခြောက် ဆီဆမ်းဟင်း ရှာခိုင်းလိုက်၏။

ဒါရိုက်တာ ဦးဘရှင်က...


"ဒီအချိန်ကြီး ဘယ်ကလာ ငါးခြောက်ရနိုင်မှာလဲ၊ လာ... ရုပ်ရှင်ငါးခြောက်ပဲ ရမယ်"

ပြောပြောဆိုဆို ထင်းစတစ်စကို စုဆောင်းပြီး ဆီအစာ စက်ဆီတွေ လောင်းထည့်ပေးလိုက်၏။

အလွန်ချေးများသော ဆရာသုခက "တကယ့်ငါးခြောက်အစစ် ရမှ ရိုက်နိုင်မယ်ဗျာ" ဟု တင်းခံသဖြင့် နောက်ဆုံး၌ ညကြီးသန်းခေါင် ဈေးချိုတော်တံခါးဖွင့်ခိုင်းပြီး တကယ့်ငါးခြောက်ပြားယူပြီး တကယ်ပဲ ဆီစစ်စစ်ဆမ်းပေးမှ ဆရာသုခက ကျေကျေနပ်နပ်ကြီး လက်ခံကာ ကားကို ဆက်ရိုက်သည်ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



# သေချာတဲ့ ဆန်နီ

ပဲရော့ရုပ်ရှင်သူဌေး ဦးဆန်နီသည် ငွေကို ရေလိုသုံးစွဲ ခွင့်ပြုထားသော်လည်း အလွဲသုံးစား စာရင်းလိမ်ပြခြင်းကိုကား လုံးဝလက်မခံပေ။

တစ်ခါသော် ဒါရိုက်တာတစ်ယောက်သည် ကားထဲတွင် သုံးထားသော မြင်းကောင်ရေထက် ပိုပြီး စာရင်းပြထားသည်။

ဦးဆန်နီသည် ကားပိုင်းစမ်းသောနေ့တွင် မြင်းခန်းသို့ ရောက်လျှင် . . .

"ဟော့ . . .အော်ပရေတာ ခဏရပ်ထားမယ်၊ မီးကို မပိတ်နဲ့၊ ပြစက်ကို ဖွင့်ထား"





ပြစက်ဆရာသည် သူဌေး အမိန့်အတိုင်း မြင်းခန်းကို ဆက်မမောင်းဘဲ ရပ်ထားပေးရသည်။

"ဟော့ . . .တစ်ယောက် လာစမ်း၊ ပိတ်ကားပေါ်က မြင်းကောင်ရေ ဘယ်လောက်လဲ ရေကြည့်စမ်း"

အလုပ်သမားတစ်ယောက်က ပိတ်ကားပေါ်မှ မြင်းများကို ရေတွက်ပြီး . . .

"အားလုံး (၁၀) ကောင်ပါ ဆရာကြီး"

"ဟော့ . . .ဒါရိုက်တာ ဘယ်မှာလဲ၊ မင်း မြင်းက အကောင် (၂၀) ဆို"

သူဌေး ဦးဆန်နီ၏ အမေးကို ဒါရိုက်တာက မင်သေသေနှင့် ပြန်ဖြေလိုက်သည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ကင်မရာဘောင်း မဆံ့လို့ မြင်းအကောင် (၂၀) လုံး မရိုက်ဘဲ (၁၀) ကောင်စီပဲ ရိုက်ထားပါတယ်"

"ဟော့ . . .စက်ဆရာ၊ ကားကို ဆက်ပြလိုက်"

စက်ဆရာက ကားပိုင်းကို ဆက်မည်ပြုရာ ဦးဆန်နီက . . .

"ကော်စမ်းပါ ဖိုးစောရာ၊ ဒီပြင် (၁၀) ကောင်ကိုပဲ မင်းလှည့်ပတ်ရိုက်ပြထားတာ ငါ မသိတာမှတ်လို့၊ စစ်သား (၁၀) ယောက်တည်းနဲ့ စစ်သား (၅၀) ဖြစ်အောင် ကင်မရာကို ပတ်ပြေးခိုင်းပြီး ရိုက်တဲ့နည်း မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာသည် ခိုးထုပ်ခိုးထည်နှင့် မိသွားသဖြင့် ရယ်ကျဲကျဲနှင့်...

"အေး... နောက်တစ်ခါ ဒါမျိုးမလုပ်နဲ့၊ အသုံးလိုရင် ငါ့ပြော၊ ငါထုတ်မပေးတော့ မင်းလုပ်ချင်သလို လုပ်ပေါ့" ဟု ဆုံးမသတတ်။

❁



## ရှုတင်စားရိတ်

ဗြိတိသျှဘားမားရုပ်ရှင်မှ သူဌေးဦးညွန့်သည် နယ်ထွက် ကားရိုက်လျှင် ဒါရိုက်တာအား ငွေကြေးအာဏာကုန် လွှဲအပ်လေ့ရှိသည်။

ဒါရိုက်တာ ရွှေဒုံးဘိအောင်သည် ရှုတင်စရိတ်တင်ပြရာတွင် အမှန်အကန်စာရင်း ရေးသွင်းလေ့ရှိ၏။

တစ်ခါသော် ရှုတင်စာရင်းတွင် အရက်ပုလင်းဖိုး ပါလာသည်။ သူဌေးဦးညွန့်သည် ရှုတင်စာရင်းကို ကြည့်ရှုစစ်ဆေးရင်း အရက်ပုလင်းဖိုးကို စာရင်းတွင် တွေ့သွားရာ ချက်ချင်းပင် ဆရာရွှေဒုံးဘိအောင်ကို ခေါ်ယူလိုက်ပြီး...

"မောင်ရင် ဟောဒီမှာ ရှုတင်စာရင်းမှာ အရက်ပုလင်းဖိုးပါနေတယ်ကွယ်..."

စပယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦး၊ ရှမ်းပြည်နယ်က ချမ်းလို့ အဖွဲ့သားတွေ တောင်းဆိုလို့ အလုပ်နားချိန်မှာ ဝယ်တိုက်ရတာပါ"

ဆရာရွှေဒုံးဘီအောင်က အမှန်အတိုင်း ဝန်ခံ၏။

"ဟုတ်တော့လဲ ဟုတ်ပါတယ်၊ ဒါပေမယ့် မောင်ရင်ရယ်... ရှယ်ယာဟိုလ်ဒါ (အစုရှင်) တွေက အရက်ဖိုးစာရင်းကို ခွင့်ပြုကြမှာ မဟုတ်ဘူးကွယ့်"

သူဌေးဦးညွန့်က သူ့အခက်အခဲကို ပြော၏။

"ဒါတော့ မတတ်နိုင်ဘူးခင်ဗျာ၊ ကျွန်တော်က အမှန် အရက်ဝယ်တိုက်ရလို့ တိုက်ရတဲ့ပုလင်းဖိုး စာရင်းပြခိုင်းတာ"

ဆရာရွှေဒုံးဘီအောင်က အလုပ်ခွင်တွင် ရာသီဥတုဒဏ်ကို ခံနိုင်အောင် ရုပ်ရှင်အဖွဲ့ကို အရက်တိုက်ရကြောင်း ပြောနေ၏။

"ဒါတော့ ဒါပေါ့ကွယ်၊ ဒါပေမယ့် မှုသားမပါ လက်မချော ဆိုတဲ့အတိုင်း ဒီပြင်စရိတ်တစ်ခုခုကို လွှဲပြနိုင်ရင် ပြပါလား မောင်ရာ"

ဆရာရွှေဒုံးဘီအောင်သည် ဦးညွန့်၏ အခက်အခဲကို သိနားလည်စွာဖြင့်...

"ဒါဖြင့် ကျွန်တော် စာရင်းကို ရှယ်ယာဟိုလ်ဒါတွေ လက်ခံနိုင်အောင် ပြင်ပေးပါမယ်"

ပြောပြောဆိုဆို ဆရာက အရက်ပုလင်းဖိုးအစား မြင်းလေးကောင် ငှားရမ်းရကြောင်း ပြင်ရေးပေးရသောဟူ၏။



## Take Too ကိတ်တူး

ရုပ်ရှင်ကားရိုက်ရာတွင် ပထမရိုက်ချက် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားပါက ဒုတိယရိုက်ချက် ထပ်မံရိုက်ရလျှင် 'ဂျပ်' ခေါ် ကလက်တွင် (Take Too) ကိတ်တူးဟု ရေးလည်း ရေး၊ ကလက်သမားက ပါးစပ်မှ အော်လည်း အော်ရသည်။

ကိတ်တွေများများ ရိုက်ရသော သရုပ်ဆောင်ဆိုလျှင် ဒါရိုက်တာတို့က ဝေးဝေးက ရှောင်တတ်ကြ၏။

စကားပြောခန်းရိုက်ရာတွင် ပထမအကြိမ်၊ ဒုတိယအကြိမ်စသည်ဖြင့် ပြန်ရိုက်ရသော်လည်း အပန်းမကြီးလှချေ။

ခဲရာခဲဆစ် လုပ်ရကိုင်ရသော အခန်းမျိုးကို ပြန်ရိုက်ရသောအခါ သရုပ်ဆောင်များသာမက ကျွန်ုပ်ရှင်အဖွဲ့သား အားလုံးပါ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မောရတော့သည်။ ဗြိတိသျှဘားမားရုပ်ရှင်မှ 'သားဗိုလ်အောင်ဒင်' ဇာတ်ကား ဇာတ်သိမ်းခန်းရိုက်ရာတွင် နှစ်ကြိမ်တိုင် ပြန်ရိုက်ခဲ့ရသည်။

မင်းသမီး ခင်အုံးမြင့်ကို မင်းသမီး မြင့်မြင့်ခင်က နောက်မှ ခြောက်လုံးပြူးဖြင့် လိုက်လံပစ်ဖမ်းခန်းကို သာစုကာန် ဘုရားစောင်းတန်းတွင် ရိုက်ကူးခြင်းဖြစ်သည်။

တောင်ဇာန်းမြင့်မြင့်ပေါ်မှ အုတ်လှေကားအထစ်ပေါင်း များစွာကို နင်းကာ ဆင်းပြေးရခန်းကို လောင်းရှော့ခေါ် အဝေးရိုက် ရိုက်ခြင်းဖြစ်သည်။

ပထမအကြိမ် အစမ်းလုပ်ကြည့်စဉ်ကပင် မင်းသမီးနှစ်ယောက်လုံး မောဟိုက်နေကြသည်။ ဓာတ်ပုံဆရာနှင့် အသံဖမ်းဆရာကပါ "OK အိုကေ" ဟု တစ်သံတည်း ထွက်လာသဖြင့် ဒါရိုက်တာ ရွှေဒုံးဘီအောင်က…

"ကဲ…ဒါဖြင့် ရိုက်မယ်၊ မင်းသမီးတွေ ဘုရားပေါ် ပြန်တက်လာကြ၊ ဒီက အချက်ပြလိုက်တာနဲ့၊ ဆင်းပြေးခဲ့ကြ၊ ကြားလား၊ မြင့်နဲ့ ဘောဘီ"

ဟု ထပ်ကာထပ်ကာ မှာကြားနေရာ မင်းသမီးနှစ်ယောက်လုံးကပင်…

"စိတ်ချပါ ဆရာ၊ ကင်မရာဘောင်းအောက်မသွားရအောင် ဘယ်ဘက်ကပ်ပြီး ဆင်းပြေးပါ့မယ် ဆရာ"

"ကဲ…ဒါဖြင့် လုပ်ကြဟေ့…"





အစမ်းတစ်ကြိမ် လုပ်ထားသည့်အတိုင်း မင်းသမီးနှစ်ယောက်လုံးက သရုပ်ဆောင်ပြကြသည်။

"အေး…ကောင်းတယ်ဟေ့…ငါ့သမီးတို့ တကယ်တော်တယ်ကွယ့်…"

အခန်းစဉ် အရှည်ကြီးကို ချောချောမောမော ရိုက်ကူးပြီးသွားသဖြင့် မင်းသမီးနှစ်ယောက် မောရပန်းရမှန်း မသိ။

ဆရာရွှေဒုံးဘီအောင်က ထုံးစံအတိုင်း ဓာတ်ပုံဆရာနှင့် အသံဖမ်းဆရာ အင်ဂျင်နီယာနှစ်ယောက်စလုံးကိုပါ…

"ဟေ့…တပည့်တို့၊ ဘယ့်နှယ်လဲ…အသံအိုကေရဲ့လား"

"အိုကေပဲ ဆရာ"

"ဟေ့…မောင်ထွန်းလှိုင်၊ မင်းကော အိုကေရဲ့လား"

ဓာတ်ပုံဆရာ ကိုထွန်းလှိုင်ထံမှ ဘာသံမှ ထွက်မလာဘဲ မျက်နှာပျက်နေရာ အကင်းပါးသော ဆရာရွှေဒုံးဘီအောင်က လက်ယပ်ခေါ်ယူ၍ ကိုထွန်းလှိုင်ကို အနားသို့ ခေါ်ယူလိုက်ပြီး ခပ်တိုးတိုး ကြိတ်မေးရသည်။

ကိုထွန်းလှိုင်က လေသံတိုးတိုးနှင့်…

"ဆရာ…ရှပ်တာမဖွင့်လို့ အရုပ်မရလိုက်ဘူး ဆရာ"

"ဟာ…ဒုက္ခပါပဲ၊ မင်းသမီးတွေ သိရင် မောင့်ကို သတ်ကြလိမ့်မယ်"

ဟုတ်ပါ၏။ လှေကားထစ်အမြင့်ကြီးကို နောက်တစ်ခေါက် ပြန်တက်ပြီး ဆင်းပြေးရမည်ဆိုသည်မှာ အဘယ်သူ လုပ်ချင်အံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



ပြန်မရိုက်လို့ကလည်း မဖြစ်သဖြင့် အကင်းပါးလှသော ဆရာရွှေဒုံးဘီအောင်က . . .

"ဟော့ . . .မြင့်နဲ့ ဘောဘီတို့၊ ငါ့သမီးတို့ ခိုင်းတယ်လို့လဲ မထင်ပါနဲ့ကွာ၊ စောစောက ကတ်က ကောင်းပါတယ်၊ ဒါပေမယ့် ဒါ့ထက်ကောင်းအောင် သမီးတို့ ထပ်လုပ်ပြနိုင်လိမ့်မယ်လို့ ဆရာထင်တယ်ကွယ်၊ နောက်တစ်ချီလောက် ထပ်လုပ်ပြပါလား သမီးတို့ရယ်"

"ဟာ . . .ရပါတယ် ဆရာ၊ ဆရာ မကြိုက်မချင်း ပြောပါ၊ သမီးတို့ ဘယ်နှစ်ခါ လုပ်ပြရ၊ ပြရ"

"အေး . . .အေး . . .သာဓုပါကွယ် . . .ဒါ နောက်ဆုံးအကြိမ်ပါပဲ၊ ကဲ . . .နေမဝင်ခင် အချိန်ရှိတုန်း လုပ်လိုက်ကြရအောင်"

မင်းသမီးနှစ်ယောက်မှာ ကင်မရာရှုပ်တာ မပွင့်သဖြင့် အရုပ်မထင်သောကြောင့် ပြန်ရိုက်ရသည်ကို မသိကြ။

တကယ်လို့သာ သိလျှင် ဓာတ်ပုံဆရာဦးဘကြည် နေမကောင်းသဖြင့် သူ့ကိုယ်စား တက်ရိုက်ရသော ဓာတ်ပုံဆရာမောင်ထွန်းလှိုင်ကို အစိမ်းလိုက် ဝါးစားမလား မသိ။

❁

## ပုံနှိပ်တစ္ဆေ

စာပုံနှိပ်လုပ်ငန်းတွင် စာစီများယွင်းပြီး ပုံနှိပ်မိပါက Press Devil ပုံနှိပ်တိုက်တစ္ဆေလုပ်တာဟု ပြောစမှတ်ပြုတတ်ကြ၏။

ရုပ်ရှင်မင်းသမီး သိသိဒွာအား စကော့မားကတ် (ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး) တွင် ဈေးကူရောင်းနေရာ မင်းသားခင်မောင် (ဖာတစ်လုံး)၏ ဆက်သွယ်အားပေးမှုဖြင့် လှုပ်စစ်ရုပ်ရှင်မှ 'စွန့်ဝံ့သူ' သံစုံသွင်းကားနှင့် မင်းသမီးအဖြစ် စ,ပါခွင့်ရခဲ့သည်။

ဒါရိုက်တာ တက္ကသိုလ်ဖေဝင်းက သူ့မင်းသမီးကို 'သစ့်သစ်'ဟု အမည်ပေးလိုက်သည်။ 'စွန့်ဝံ့သူ' ဓာတ်ညွှန်းရေးဆရာ ရှင်လုံး၏ သမာဓိသတင်းစာတွင် ဓာတ်ပုံနှင့်အတူ ပုံနှိပ်ဖော်ပြရာ 'သစ်သစ်'



www.burmeseclassic.com

www.burmeseclassic.com



အစား 'သီသီ'ဟု ကိုစာစီက မှားယွင်းဖော်ပြရာ 'သီသီ'ဟု တွင်ခဲ့ခြင်း ဖြစ်သည်။

ကာဒွေး (ယခု ကေသွယ်ရုံ) မှ ပြဇာတ်မင်းသမီးများ ရွေးချယ်ခဲ့ရာ စကြာဆေးတိုက်မှ မျက်စဉ်းကြော်ငြာသရုပ်ဆောင် မကြည်ကြည်ကို ပထမ၊ အောင်ချင်းမ ခေါ် အငြိမ့်မင်းသမီးကလေးကို ဒုတိယ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ မရီစီကို တတိယ ရွေးချယ်ပြီး (၁) ကြည်ကြည်ဒွေး (၂) မြင့်မြင့်ဒွေး (၃) ရီစီဒွေးဟု ဓာတ်ပုံများနှင့် ဖော်ပြခိုင်းရာ သတင်းစာတွင် ပထမနှင့် ဒုတိယ နှစ်ပုံ နေရာချင်း မှားယွင်းဖော်ပြခဲ့ရာမှ မကြည်ကြည်က မြင့်မြင့်ဒွေး ဖြစ်သွားပြီး အောက်ချင်းမ,က ကြည်ကြည်ဒွေး ဖြစ်သွားသတည်း။



# စိန်ဂျွန်းထွန်းရွှေ စောင်မ

ရပ်ရှင်နယ်မှာ တပည့်တပန်း အများဆုံး၊ တပည့်တိုင်းကလည်း "တို့ဆရာမှ တို့ဆရာ" ဆိုပြီး အချစ်ခံရတဲ့ သူကတော့ ဗိုလ်အောင်ဒင်ရဲ့ ဖခင်ကြီး ဒါရိုက်တာ ဦးရွှေဒုံးဘီအောင်ပေါ့။

သွားလေရာ လာလေရာတိုင်းမှာ တပည့်တပန်းတွေ ဝိုင်းဝိုင်း လည်ခံရပုံကတော့ အံ့ရော...အံ့ရော...။

မန္တလေးရုပ်ရှင်သွားပြီး ဇာတ်ကားရိုက်တော့ ဆရာ့ကို မန္တလေး ရုပ်ရှင်က 'ထွန်းလုဟိုတယ်' မှာ ထားပေးတယ်။ အစစအရာရာ လိုလေသေးမရှိအောင်ကို ကုမ္ပဏီစရိတ်နဲ့ ထားတာ။

ဆရာရွှေဒုံးဘီအောင် ထွန်းလုဟိုတယ်ရောက်နေတယ်လည်း ဆိုရော လာလိုက်တဲ့ တပည့်တွေဆိုတာ အပေါက်ဝကနေ ခုံခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဂိတ်ကြေးကောက်သလို ကောက်ရရင်လား၊ သူဌေး မဖြစ်တောင် တော်တော်လေး ရမှာ...

တစ်နေ့တော့ လူတစ်ယောက် ရွှေသားအဖွေးသား၊ နှမှုးပြောင်ပြောင်နဲ့ တက်လာပြီး အော်ကျယ်ဟစ်ကျယ်နဲ့...

"အမယ်လေး ဆရာရယ်...တပည့်ကြီး အလွန်တွေ့ချင်နေတာ အတော်ပဲ၊ ဆရာ နေကောင်းရဲ့နော်...ကျန်းခံ့သာလို့ မာပါစ" ဆိုပြီး ဘစ်ကြိမ် နှစ်ကြိမ် ဦးနှိမ်ချလို့ဆိုသလို ထိုင်ကန်တော့လိုက်၊ ခြေဆုပ်လက်နယ်လုပ်လိုက်နဲ့ ကြာတော့ ဆရာရွှေဒုံးဘီအောင် မနေတတ်တော့ဘူး၊ ကိုယ့်လူက အိဗာအိုက်တင်လုပ်နေတာကိုး...။

"စိန်ဂျွန်းရာ တော်ပါတော့၊ ငါမနေတတ်တော့ဘူး၊ ငါ စတော်ကြီးလဲ မဟုတ်ဘဲနဲ့ မင်းလုပ်ပုံက အိဗာဖြစ်လွန်းသကွာ" လို့ တားယူရရော...

စိန်ဂျွန်းထွန်းရွှေဆိုတာ ဟိုး...စစ်ကြိုခေတ်ကတည်းက ဗြိတိသျှဘာမားခြံမှာ အတူတူ အလုပ်လုပ်ခဲ့ကြတာ။ စိန်ဂျွန်းထွန်းရွှေက ဒီတုန်းက 'တင်လှ' နာမည်နဲ့ ဒါရိုက်တာဦးဉာဏရဲ့ 'မမ'ဆိုတဲ့ ဆိုင်းလင့်ကားတစ်ကားမှာ ပါဝင်ဖူးတယ်။ မင်းသမီး ခင်ခင်ဦးရဲ့ မောင်အဖြစ် ပါခဲ့တယ်။ အဲဒီတုန်းက ဆရာရွှေဒုံးဘီအောင်က မြန်မာအဆွေနဲ့ ဒဂုံမဂ္ဂဇင်းကနေ အယ်ဒီတာအလုပ်က ထွက်ခဲ့ပြီး ဗြိတိသျှဘားမားမှာ ဇာတ်ညွှန်းရေးဆရာ ပေါက်စပေါ့။

ဆရာခန့်ရိုက်ခဲ့တဲ့ တင်ငွေနဲ့ ခင်ခင်ရီပါတဲ့ 'အပျိုစင်' အသံထွက်ဟာ ဆရာရွှေဒုံးဘီအောင်ရဲ့လက်ဦးဆုံး ဇာတ်ညွှန်းပေါ့။ (အောဝမ်း





က ဦး·တင်နွယ် ရိုက်တဲ့ 'ကြယ်တာရာ' ဇာတ်ကားက ဒဂုံမဂ္ဂဇင်းပါ 'တာအိန္ဒြေ' ဆိုတဲ့ ဆရာ့ဝတ္ထုကို ယူရိုက်ခဲ့တာပါ။)

"ဆရာရယ်... မတွေ့ရတာ ကြာလို့ တွေ့တုန်းတွေ့ခိုက် တပည့်ကြီး ပြုစုပါရစေ ဆရာ"

"မလုပ်ပါနဲ့ ထွန်းရွှေရာ၊ ဒီမှာလဲ မန္တလေးရုပ်ရှင်က လိုလေသေး မရှိအောင် လုပ်ထားပါတယ်ကွ"

"ဟင့်အင်း...ဟင့်အင်း...မရဘူး ဆရာ၊ ဒါတော့ လက်မခံနိုင်ဘူး၊ တပည့်ကြီး ပြုကို ပြုစုလိုက်ရမှ ကျေနပ်မယ်"


ပြောပြောဆိုဆို ဟိုတယ်စားပွဲထိုးကို လှမ်းခေါ်ပြီး စား·စရာ သောက်စရာများကို မှာ၍ အခန်းတွင်းသို့အရောက် ပို့စေသည်။

"ကမြင်းမသား ထွန်းရွှေ၊ သူပါ မြိန်ရေရှက်ရေ ဝင်စားသွားပြီး ငါ့ကို ထိုင်ကန်တော့ နှုတ်ဆက်ပြီး သူ့ကိုလဲ လိုတဲ့နေရာမှာ ထည့်သုံးဖို့ တဖွဖွမှာပြီး ပြန်သွားလေရဲ့၊ ခွေးမသား... အားလုံး သူမှာတဲ့ စားစရာ သောက်စရာ အားလုံးကို သူ ငွေရှင်းမသွားဘူး၊ ငါ့ စာရင်းထဲမှာပဲ မှတ်ခိုင်းထားတဲ့ကောင်ကွ" ဟု ဆရာရွှေဒုံးဘီအောင်က သူ့တပည့်များကို နုတ်သံနှောပြပါတော့သည်။

(စာတည်းမှတ်ချက်။ ။ကွယ်လွန်သူ စိန်ဂျွန်းထွန်းရွှေသည် မြန်မာ့ရုပ်ရှင်နှင့် ပြဇာတ်လောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သော အနုပညာရှင်တစ်ဦးဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## မင်းသားထက် ဉာဏ်ရည်သာ

ဇာတ်ညွှန်း ရေးဆရာသည် ရုပ်ရှင်တွင် မင်း၏ဆရာ ပုရောဟိတ်ဖြစ်ပြီး ဒါရိုက်တာသည် ရုပ်ရှင်ရိုက်ကွင်းတွင် မင်းဧကရာဇ်တည်း။ (King of the Set) သို့ရာတွင် တစ်ခါတစ်ခါ လက်ပေါက်ကတ်သော မင်း သား၊ မင်းသမီး ကြောင့် ဒါရိုက်တာ အားကြီး စိတ်ညစ်ရ၏။

ထို့ကြောင့် ဒါရိုက်တာ ဟစ်ချ်ကော့က သရုပ်ဆောင်တို့သည် နွား တွေလိုပင် ထိန်းရ ကျောင်းရ ခက်သည်ဟု ဆိုခဲ့ဖူး၏။ (Acter is like Cattle.)

ဒါရိုက်တာမောင်မောင်မြင့်သည် စစ်ကြိုခေတ်က နာမည်ကြီး 'ရည်းစားဓားပြ' ဇာတ်ကားကို ပြန်လည်ရိုက်ကူးရာ ဝင်းဦးက မောင်မောင်စိုး နေရာတွင် ပါဝင်သည်။ ခင်နှင်းရီနေရာတွင် ခင်သန်းနု။





ဇာတ်ကားကို ရိုက်ရာ ပြီးလုပြီးခင်တွင် မင်းသားက ရိုက်ရက်ဆက်မပေးတော့ဘဲ အလေးမ,ရင်း ခါးနာသွားသည်ဆိုကာ မင်္ဂလာဒုံစစ်ဆေးရုံသို့ တက်နေလိုက်၏။

ဇာတ်ကားကလည်း မင်းသား မြင်းစီးခန်းသာ ကျန်ရှိနေရာ ဒါရိုက်တာကြီး ဦးမောင်မောင်စိုးကဲ့ မင်းသား ဆေးရုံမှ ပြန်ဆင်းချိန်အထိ မစောင့်တော့ဘဲ လူစားထိုးကာ မြင်းစီးခန်းများကို ဆက်ရိုက်နေသည်။

ထိုသတင်းကို ကြားရလျှင် မင်းသားသည် နာစရာရှိလျှင် သူသာ နာတော့မည်။ (အနီးကပ် အရုပ်များ မပါဘဲ) အဆေးပြချည်းပြသွားတော့မှာပဲဟု စိုးရိမ်ကာ ဆေးရုံမှ လက်မှတ်ထိုးဆင်းခဲ့ပြီး ဇာတ်ကားကို လာရောက်ရိုက်ပေးရသည်ဟူသတတ်။

www.burmeseclassic.com

www.burmeseclassic.com



# သန်းခေါင်ယံအသံ

ဖိလိပိုင်နိုင်ငံ ရုပ်ရှင်ပွဲတော်တွင် ပြသရန် 'ရွှေခြည်ငွေခြည် တန်းပါလို့' ဇာတ်ကားနှင့်အတူ ဒါရိုက်တာ ဆရာဦးသုခနှင့် မင်းသမီး ခင်ယုမေတို့ကို မနီလာရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် ဖိတ်ကြားခံခဲ့ရသည်။

ဆရာသုခနှင့်အတူ ခင်ယုမေအဖွဲ့ ခေါင်းဆောင်သော ရုပ်ရှင်ကော်ပိုရေးရှင်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့သည် မြို့လယ်ဟိုတယ်ကြီးတွင် တခမ်းတနား တည်းခိုကြရသည်။

ဟိုတယ်တို့မည်သည် တည်းခိုသော ဧည့်သည်တိုင်းအား ဧည့်ဝတ်ကျေပွန်အောင် ဧည့်ခံတတ်လေ့ရှိသည်။





ဆရာဦးသုခတို့မှာလည်း မကြာခဏ တယ်လီဖုန်းဖြင့် တစ်မျိုး၊ တံခါးလာခေါက်၍ တစ်ဖုံ အမျိုးမျိုးသော ဟိုတယ်အမှုထမ်းတို့က အလိုရှိရာကို မှာကြားရန် လာရောက်မေးမြန်းနေသည်မှာ နာရီဝက်တစ်ကြိမ်မျှ ရှိတော့သည်။

ညအိပ်ချိန်ရောက်တော့မှပင် တံခါးခေါက်သံ၊ တယ်လီဖုန်းသံများ တိတ်ဆိတ်ကင်းရှင်းသွားတော့၏။

ကြားဖူးနားဝ ဟိုတယ်ကြမ်းပိုးတို့သည် နိုင်ငံခြားဧည့်သည်များထံမှ နည်းအမျိုးမျိုးဖြင့် အသံပြာချူချလေ့ရှိရာ မြန်မာရုပ်ရှင်အဖွဲ့သည် ထိုဘေးဒုက္ခနှင့် ကင်းဝေးခဲ့၏။

သို့ရာတွင် နံနက် အိပ်ရာထကာ လက်ဖက်ရည်ဆောင်တွင် နံနက်စာ သုံးဆောင်ရန် ဆင်းလာကြသောအခါ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်ခင်က ထုံးစံအတိုင်း "ဆရာတို့၊ မမေတို့ ညက ကောင်းကောင်းအိပ်ကြရရဲ့လား" ဟု မေးတတ်၏။

တစ်နေ့တွင် ဆရာဦးသုခက စကားအဆန်းပြောလာ၏။

"ဆရာခင်ရေ...ပြော မပြောချင်ပါဘူးဗျာ၊ ညက ကျွန်တော် အိပ်ပျော်နေတုန်း ကျုပ် အခန်းကို တယ်လီဖုန်းခေါ်တယ်ဗျ"

"ဗျာ...ပြောစမ်းပါဦး၊ ဘယ်က တယ်လီဖုန်းလဲ၊ ယောကျ်ားသလား၊ မိန်းမသံလား"

"မိန်းမသံဗျ"

"ဪ... မဟုတ်ကာမှ လွဲရော... ဆရာ့ကို ညအိပ်ဖော် ယူမလားလို့ မေးမလို့ ထင်တယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြဲကြီးစည်ရာ...ကျုပ်ကလဲ ခင်ဗျားလိုပဲ လက်ဦးတော့ ညဉ့်ငှက်တစ်ကောင်လာပြီး မြူဆွယ်တာမှတ်လို့၊ နိုးသင့်ခ်ယူ (မလိုပါဘူး) (ကျေးဇူးတင်တယ်) လို့ ပြန်ပြောမလို့၊ လက်စသတ်တော့ ကျုပ်ထင်သလို မဟုတ်ဘူးဗျို့..."

"ဆရာက နိုင်ငံခြားမှာတောင် လာပြီး စန်းပွင့်နေပါလား"

မမေက ပြောမဆုံးခင်မှာပင် ဆရာက...

"နိုး... နိုး... မဟုတ်ဘူး မမေ၊ ဖုန်းဆက်တာက သမ္မတကတော်ကိုယ်တိုင်ခင်ဗျ"

"ရှင်..."

"ဟင်..."

"အဟုတ်လား...သမ္မတကတော်က သူကြည့်ရတဲ့ မြန်မာဇာတ်ကား အင်မတန်ယဉ်ကျေးသိမ်မွေ့လို့ ဒါရိုက်တာကို ချီးကျူးစကား ပြောတာပါတဲ့ခင်ဗျ၊ အခုလို အချိန်မတော်ကြီး စကားပြောရတာ ခွင့်လွှတ်ဖို့လဲ တောင်းပန်သေးတယ်ဗျ"

ထိုအခါမှ သုံးယောက်သား ရယ်နိုင်ကြတော့သည်။



# လူပုစိတ်တို ဦးညိုပု

တစ်ခါက ဆရာကြီး ဦးညိုပုသည် သူ၏ မြေးကလေးများဖြစ်ကြသော အေဝမ်းသိန်းထွန်းတို့ ညီအစ်ကိုကို တံမြက်စည်းနှင့် လိုက်ရိုက်သဖြင့် အေဝမ်းအမြွှာညီနောင် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ရ၏။

ဖြစ်ပုံက ဒီလိုပါ...။

အမြွှာညီနောင်တို့သည် သူ့အဘိုးရင်း ဦးတင်နွယ်၏ အေဝမ်းဖလင် မအားသဖြင့် ဦးညိုပု၏ မဟာဝိဇ္ဇာမိုရ်ဖလင်ကို ငှားရိုက်ကြသည်။

ဦးညိုပုထံတွင် 'ဘလင့်' မရှိသော အေရိကင်မရာတစ်လုံးရှိသည်။ ဘလင့်ခေါ် ကင်မရာ အသံလုံအောင် အုပ်ထားသည့်

www.burmeseclassic.com



အုပ်ဆောင်းက ကင်မရာဖို့ လောက်နီ့နီး တန်ဖိုးရှိ၏။ ထို့ကြောင့် ဘလင်မပါဘဲ ကင်မရာချည်းပဲ မှာယူပြီး ဒီကျမှ 'မိတ်အင်ဒီတင်' ဘလင့်လုပ်ပြီး ရိုက်နေကြသည်။ 'အော်ရီဂျင်နယ်' လို အသံမလုံတော့ ကင်မရာကြီးကို စောင်ခြုံပေးပြီး ရိုက်ကြ၏။

ကိုကျော်ဆွေလည်း ဦးညိုပုလိုပင် 'ဘလင့်မရှိ ကင်မရာကြီး' ချည့်မို့ အသံတိတ်ရိုက်ချက်များမှာ သုံးသည်။ လိုအပ်တော့မှ 'ပို့စ်ရီကောတင်' နောက်မှ အသံပြန်သွင်းခြင်း ပြု၏။ အမှန်ကလည်း ပို့စ်ရီကောတင် အကုန်လုပ်နိုင်လျှင် အကောင်းဆုံးပင်၊ ဂိုက်ထရက် အနေဖြင့် အသံဖမ်းထားပြီး နောက်မှ ပြန်သွင်းပါက နိုင်ငံခြားကားများ လိုပင် မလိုအပ်သော ကျီးသံ၊ ကားသံ၊ လေသံ၊ ကင်မရာ ပင်နီယံ ဂစ်သော အသံများ မပါနိုင်တော့ပေ။

"ဘိုးဘိုး...ကျွန်တော်တို့ကို ကုမ္ပဏီတစ်ကား ပေးရိုက်ပါ၊ ကုမ္ပဏီခ,ရော ကင်မရာခ,ပါ သူများအတိုင်း ပေးပါ့မယ်၊ ပြီးတော့ ဘိုးဘိုးကိုယ်တိုင် ကြီးကြပ်ပေးပါ၊ ဘိုးဘိုးနဲ့အတူ ဘိုးဘိုးလေး ဦးတင်မောင်ကလဲ ကြီးကြပ်ပေးမယ်တဲ့"

ဒီလို အဆိုပြုလာတော့ ရုပ်ရှင်ပိုး မသေသေးတဲ့ ဦးညိုပုဟာ "အေး... ရိုက်ပေါ့" ဒါနဲ့ အမြွာညီနောင်က မဟာဝိဇ္ဇာမိုရ်ကနေ 'သမန်းကျား' ဇာတ်လမ်းကို တင်လိုက်သည်။

ဇာတ်လမ်းခွင့်ပြုချက်ရတော့ ကားစရိုက်ကြတယ်။ ဒီငနဲတွေဟာ အလွန်ချိးကျူးစရာ ကောင်းတယ်။ နည်းနည်းနဲ့ ကျဲကျဲဝိုင်းဆိုတဲ့





အတိုင်. တစ်ယောက်က မီ.ထိုးတယ်။ ဒါရိုက်တာ လုပ်တယ်။ သူငယ်ချင်းတွေကလည်း ဝိုင်းကူကြတယ်။

သူတို့ရဲ့ ကျောင်းတုန်းက ဆရာမကြီးကလည်း ငွေအရင်းအနှီး အသင့်အတင့် ထုတ်ပေးတယ်။ ဒါပေမယ့် အဘိုးလေး နှစ်ယောက်ကတော့ မြေးကလေးတွေ ရိုက်ချင်တိုင်း ရိုက်ဖို့ ခွင့်မပြုဘူး။ ဇာတ်ညွှန်းကို ပြင်ပေးတယ်။ ရိုက်လာသမျှ ကြည့်ပေးတယ်။ ကားဆက် တည်းဖြတ်ပေးတယ်။

'သမန်းကျား' ဆိုတဲ့ ကားဟာ ဇာတ်လမ်းက ထူးခြားပြီး ယနေ့လူငယ်တွေရဲ့ ဘဝကို ထင်ဟပ်ရုံတင်မကဘူး၊ သက်ဆိုင်သူတိုင်း မိဘတိုင်းကြည့်ပြီး ကိုယ့်သားသမီးလေးတွေကို လူညွှန့်မတုံးစေဖို့ သတိပေး လမ်းညွှန်ထားတယ်။ လူငယ်တွေကိုလည်း လမ်းပြထားတယ်။

အဲဒီနှစ် အကယ်ဒမီအဖွဲ့ကတောင် အကောင်းဆုံးဇာတ်ကားဆု ပေးတော့မလိုလိုတောင် သတင်းထွက်ခဲ့သည်။

ဒါပေမယ့် ဘယ်သကောင့်သား လက်ချက်လည်း မသိဘူး။ 'သမန်းကျား'ဟာ လမ်းသူရဲကားပဲ။ လူငယ်တွေကို ဆုံးမသလိုလိုနဲ့ အားပေးအားမြှောက် လုပ်ထားတယ်ဆိုတဲ့ ဝေဖန်သံ ပေါ်လာတယ်။

ဒါနဲ့ 'သမန်းကျား' လည်း ကျား မဖြစ်တော့ဘဲ 'အမဲသား' ဖြစ်သွားတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကားရုံတင်တော့ အမြွာညီနောင်ခမျာ ဆရာမကြီးရဲ့ ငွေကို အရင်ဆုံးဆပ်လိုက်ရပြီး ဒီပြင်ကြွေးတွေလည်း ဆပ်လိုက်ရတော့ အဘိုးလေး ဦးညိုပုရဲ့ကြွေးကို လုံးဝ မဆပ်နိုင်တော့ဘူး။ ဒီအကြွေးကို သူတို့ရဲ့အဘိုးလေးဆီ သွားပြီး ခြေသလုံးဖက် တောင်းပန်ရ၊ တောင်းပန်ရ တောင်းပန်မယ်လို့ သွားကြတာပေါ့။ ဟိုကျတော့ အဘွားလေး ဂျပန်မကြီးက ဆီးဟောက်တော့တာပဲ။

"ဟဲ့...ကောင်လေးတွေ၊ နင်တို့ ဘယ်လိုလုပ်လိုက်တာလဲ၊ ကင်မရာငှားသွားတာလဲ ပြန်မပို့သေးဘူး၊ ကုမ္ပဏီငှားခလဲ တစ်ပြားမှ မပေးဘူး၊ ဦးညိုပုကို ကြိုးကြပ်ခပေးတာ မပေးတာ ကျုပ်နဲ့ မဆိုင်ဘူး၊ ကျုပ်ကြွေးကို ပေးမလား မပေးဘူးလား ပြော"

ဆရာကြီး ဦးညိုပုက ထုံးစံအတိုင်း သူ့ဇနီးဒေါ်စန်းရင် ပြောနေ ဟာကို ပြုံးရယ် နားထောင်နေတယ်။

အမြွာညီနောင် နှစ်ယောက်အနက် တစ်ယောက်က ဘာ စိတ်ပေါက်သွားလည်း မသိ၊ ဂျပန်မကြီးကို ဘုပြန်မှုတ်တော့တာ ပေါ့။

"အန်တီစန်းကလဲ ကိုယ့်ရှိမှ ပေးနိုင်မှာပေါ့၊ ခဏခဏတောင်း နေတာပဲ၊ နားငြီးရော..."

ဒီတင် ဖောဖောက ပြုံးရယ် နားထောင်နေတဲ့ ဦးညိုပုကြီးဟာ ထောင် ခနဲဖြစ်သွားပြီ...

စပယ်ဦးစာပေ



"ဟော့...ဘာပြောတယ်ကွ၊ ကိုယ့်ရှိမှ ပေးနိုင်မှာပေါ့၊ ဟုတ်လား၊ ကမြင်းမသား တွေ"

ပြောပြောဆိုဆို အနားရှိတဲ့ တံမြက်စည်းနဲ့ လိုက်ရိုက်လို့ အမြွာညီနောင်နှစ်ယောက် ဖိနပ်မပါ ခြေဗလာနှင့် တန်းနေအောင် ပြေးလာရသတဲ့ဗျို့...။

www.burmeseclassic.com

www.burmeseclassic.com



# ဆက်တင်လက်သမားဆရာညည်း

ဟစ်ခေတ်က ရုပ်ရှင်တွေဟာ ခုလိုအိမ်တွေထဲ ဝင်ရိုက်ခဲ့တယ်။ မလွဲသာမှ တကယ့်အိမ်ထဲ ဝင်ရိုက်ကြတယ်။

ဘော အနောင့်အယှက်ကင်းတဲ့ စတူဒီယိုထဲမှာပဲ ဆက်တင်တွေ ဆောက်ပြီး ရိုက်ကြတာ များပါတယ်။

'သမန် ကျော 'အုပ်စုဟာလည်း အများနည်းတူပဲ စတူဒီယိုထဲ ဆက်တင်ဆောက် ရိုက်ခဲ့ကြတယ်။

ဒါပေမယ့် 'သမန်ကျော'အုပ်စုက ပထမတစ်ကြိမ် ဆက်တင် ဟောင်ရာမှာပဲ လက်သမာ ကိုဝင်းကို ငှားဆောက်ကြတယ်။

နောက်ပိုင် ဆက်တင်ရွှေ့ပြောင်းတာတို့၊ ဆက်တင်ပြင်တာ တို့ကို သူတို့ဘာသာသူတို့ လုပ်တတ်ကြတယ်။





အလွန်ချိုးမွမ်းစရာကောင်းတဲ့ လူငယ်တွေပဲ။ ငွေကုန်သက်သာ အောင် သူတို့ အပင်ပန်းခံလုပ်ကြတယ်။


ဒါပေမယ့် လက်သမားဆရာဟွေကတော့ ခြူသံပါအောင် ညည်းကြတယ်လေ။

“ဒီကောင်တွေအတိုင်းပဲ ဒီပြင်ရုပ်ရှင်ဆရာတွေက လုပ်ကြ ရင်တော့ ကျုပ်တို့ငတ်ပေါက်ပဲ” တဲ့။

လက်သမားကိုဝင်းက ပြောဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ရှမဝဦးကျော်နဲ့ ရုံစောင့်

ပရိုဂျူဆာရုပ်ရှင်ဆုတ်လုပ်သူများဟာ ဇာတ်ကားရုံတင်ပြသရေး တိုင်းကို တံခါးမရှိ ဓားမရှိ ဝင်နိုင်ပါတယ်။ ကိုယ်ပြချင်တဲ့ ညှေ့သည့် အကာန့်အသတ်မရှိ ရုံထဲ ဘုင်းနိုင်ပြနိုင်ပါတယ်။ (ပြည်သူ့ပိုင်လုပ်ပြီးတဲ့ နောက်ပိုင်းမှာတော့ အကန့်အသတ်နဲ့ပေါ့။ ကန့်သတ်ထားတဲ့ လူဦးရေ ကျော်နေရင် လက်မှတ်ဆုတ်ရတယ်။ ရုံဝင်ခ ရှင်းရတယ်။ မေတ္တာ လက်မှတ်ပေးချင်ရင်လည်း ကုမ္ပဏီက မေတ္တာလက်မှတ်နဲ့ လူသွင်း ရတယ်။)

ဒါကတော့ ပြည်သူ့ပိုင်မလုပ်ခင်ကလည်း ဒီလိုပဲ အကန့်အသတ် လုပ်ထားပါတယ်။ ကန့်လန့်ကိုဘာပေးထားတဲ့ ဇာတ်ကားက လွဲလို့





ကုမ္ပဏီပိုင်ပြတာဆို လူ ဘယ်လောက်သွင်းသွင်း ရုံမန်နေဂျာနဲ့ နားလည်မှုယူထားရင် လက်မှတ်ဆုတ်စရာ မလိုဘူး။ (ပွဲခွန်တော် မပေးရဘူးပေါ့။) များသောအားဖြင့် လက်မှတ်ဆုတ်ကြတာ များပါ တယ်။ ပွဲခွန်မသက်သာချင် နေပါစေ၊ ကိုယ့်ဘက်က စည်းကမ်းထားမှ ရုံကလည်း စည်းကမ်းနဲ့ လူသွင်းမှာပေါ့။ နို့မဟုတ်ရင် သူသွင်း ကိုယ်သွင်းနဲ့ တစ်ရုံလုံး 'ခဲမူးစေ့'ချည်း ဖြစ်သွားမှာပေါ့။

(မှတ်ချက်။ ။ခဲမူးစေ့ဆိုတာ ညှပ်ပုံနဲ့ အတုလုပ်တဲ့ ပိုက်ဆံကို ပြောတာ။ ခဲနဲ့လုပ်ထားလို့ ဘယ်မှ သုံးလို့မရဘူး။ - အဲဒီခေတ်က ငွေတစ်ကျပ်မှာ ၁၆ ပဲ၊ ၂ ပဲကို တစ်မူးလို့ခေါ်တယ်။ ၄ ပဲကို တစ်မတ်၊ ၈ ပဲတော့ ငါးမူး၊ ၁၂ ပဲတော့ သုံးမတ်ခေါ်တယ်။ တစ်ကျပ်မှာ ၆၄ ပြားရှိပြီး တစ်ပြားမှာလည်း ပိုင်စေ့သုံးပိုင်ရှိတယ်။ ပိုင်စေ့၊ ပြားစေ့၊ ပဲစေ့၊ မူးစေ့၊ မတ်စေ့၊ ငါးမူးစေ့ကနေ ကျပ်စေ့အထိ ပိုက်ဆံပြားတွေ သွန်းလုပ်ခဲ့တယ်။)

ရှမဝမဂ္ဂဇင်းပိုင်ရှင် ဦးကျော်ဟာ ရှမဝရုပ်ရှင်လို့ ထုတ်လုပ် သူအဖြစ် တည်ထောင်ခဲ့တယ်။

ရှမဝဦးကျော်ဟာ နဂိုက စာပေနဲ့ ရုပ်ရှင်ဝါသနာအိုးကြီး။

ရုပ်ရှင်ကို ပိုဝါသနာပါလို့ တစ်နေ့တစ်ခါ ရုပ်ရှင်မကြည့်ရ မနေတတ်ဘူး။ နေ့တိုင်း ရုပ်ရှင်သွားကြည့်တတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှမဝရုပ်ရှင်က ပထမဦးဆုံးပွဲဦးထွက် ဒါရိုက်တာ တင့်တယ်ကို 'လာလုလုငေး' ဇာတ်ကားရိုက်ခိုင်းတယ်။

ဝတ္ထုတုန်းက နာမည်ကြီးခဲ့သလောက် ရုပ်ရှင်ကျတော့ 'လာလုလုငေး'ဟာ မအောင်မြင်ဘူး။ ခွဲကောင်းတဲ့ ဦးကျော်ဟာ ပွဲဦးထွက်ဇာတ်ကားရှုံးပေမယ့် အပြုံးမပျက်ဘူး။ နောက်တစ်ကားရိုက်ဖို့ ကြိုးစားတယ်။

အဲဒီတုန်းက နာမည်စထွက်တဲ့ မြတ်မွန်နဲ့ ဒါရိုက်တာသာခုကို 'ရွှေရင်သိမ်းသစ်' ဆိုပြီး ကားတစ်ကားရိုက်ခိုင်းတယ်။

ဒါပေမယ့် သာခုကြီး တော်တော်နဲ့ ရိုက်မပေးဘူး။ ဦးကျော်တင်ချင်တဲ့ မင်းသားမောင်ယဉ်ထွေးကို မကြိုက်လို့တဲ့။ ဒါနဲ့ ဦးကျော်ဟာ သူကိုယ်တိုင် ဒါရိုက်တာဝင်လုပ်ပြီး သူ့တူသား မောင်ယဉ်ထွေးနဲ့ စမ်းစမ်းအေးတို့ကို အရဲစွန့်ရိုက်ခဲ့တယ်။

ဒါရိုက်တာအသစ်၊ မင်းသား မင်းသမီးအသစ်တို့ဟာ စွံသွားတယ်။

မောင်သင်နဲ့ မေနွဲ့တို့၊ ဒေါ်ခင်ညွန့်တို့၊ ဦးကျောက်လုံးတို့ကလည်း ဝိုင်းဝန်းကြတာကိုး...။ အလုံမှာ သီတာရုံဆိုတာ ရှိလေရဲ့။

မြေနီကုန်းက ရွှေမန်းတို့၊ ရတနာပုံ၊ ဆန်းသီရိတို့၊ တပင်ရွှေထီးတို့၊ ဝိဇယတို့နောက်မှ ဆောက်လုပ်တဲ့ရုံပါ။

ရှမ်းအမျိုးသား ကိုဝင်းတို့ ပိုင်ပေမယ့် သုမာလာရုပ်ရှင်က ဦးဘဝင်းကြီးက အုပ်ချုပ်လုပ်ကိုင်ပေးခဲ့တယ်။





သီတာရုံဟာ ဝိဇယရုံလိုပဲ တစ်ရုံထဲ သီးသန့်။ နေရာကခေါင်တော့ မြန်မာကားတွေ သိပ်မတင်ချင်ကြဘူး။ ဝိဇယရုံဆိုရင် နောက်ပိုင်းမှာ နိုင်ငံခြားကားတွေပဲ ပြနေတယ်။ သီတာရုံကတော့ ပိုင်ရှင်က တတ်နိုင်ပြီး သုမာလာ ဦးဘဝင်းကလည်း လာဘ်မြင်ပြီး အပေါင်းအသင်းကောင်းတော့ မြန်မာကားတွေ တခြားရုံနဲ့ ထိပ်တိုက်ပြနိုင်အောင် ကြိုးစားတယ်။ ရုံငှားမပြချင်ရင်လည်း ရုံကို ကန်ထရိုက်ယူပြတဲ့အထိတောင် လုပ်ခဲ့တယ်။

သီတာရုံက ဈေးကွက်မမိသေးလို့ သိပ်မစည်ပေမယ့် ရုံအုပ်ချုပ်ပုံက အလွန်စည်းကမ်းရှိတယ်။

ရုံမှာ လူဝင်များများ နည်းနည်း 'ခဲမူးဇော့'ကို ထင်သလို သွင်းခွင့်မပြုဘူး။ ရုံစောင့်တွေကိုလည်း ဘယ်သူဖြစ်ဖြစ် လက်လွှတ်စပယ်မသွင်းရဘူးလို့ စည်းကမ်းတင်းကြပ်ထားတယ်။ ရုံပိုင်ရှင်ကိုဝင်းရဲ့ မိသားစု လာကြည့်ရင်တောင် မန်နေဂျာဆီက မေတ္တာလက်မှတ်နဲ့မှ ဝင်ခွင့်ပြုတယ်။

တစ်နေ့တော့ ရှမဝဦးကျော်ကြီးပေါ့။ သူ့ကားတစ်ကား သီတာရုံမှာ ရုံတင်နေတုန်း မိတ်ဆွေတစ်စုနဲ့ ရုပ်ရှင်လာကြည့်ကြပါလေရော...။

ဦးကျော်ကလည်း လမ်းကြုံလို့ မိတ်ဆွေက ကြည့်ချင်တယ်လို့ အတင်းပူဆာတာနဲ့ လိုက်ပြရတာဆိုတော့ သူ့မှာ ဘာလက်မှတ်မှ ပါမလာခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရုံရောက်ရင် သူ့ကားမို့ အဆင်ပြေမှာပဲလို့ ဆိုပြီး ရောက်လာကြတယ်။

အဲဒီအချိန်မှာ ရုံမှာ မန်နေဂျာကလည်း မရှိဘူး။ အပြင်သွားနေတယ် ထင်ပါ့။

ဦးကျော်က ရုံစောင့်ကို သူ့မိတ်ဆွေတွေကို သွင်းချင်တယ်လို့ ပြောတယ်။ ရုံစောင့်ကလည်း လက်မှတ်မပါရင် ဘယ်သူ့ကိုမှ ဝင်ခွင့်မပြုနိုင်ဘူးလို့ ငြင်းတယ်။

"ဟေ့...သူငယ်၊ ငါ ဒီကားရိုက်တဲ့ မောင်ကျော်ပါဟ..."

"ခင်ဗျား အပိုတွေ လာဗြီးမနေပါနဲ့၊ ကျုပ်တို့ကို ဒီလိုလာလိမ့်လို့ ရမယ်ထင်သလား"

"ဟေ့ကောင်လေး...ဒါ ရှမဝဦးကျော်ကွ၊ ဒီဇာတ်ကားပိုင်ရှင်ကွ၊ ဘာမှတ်လို့လဲ"

ပါလာသောမိတ်ဆွေကပါ ဝင်ကူပြောသော်လည်း မရ၊ ရုံစောင့်ကလေးက ခါးခါးသီးသီး ငြင်းနေသည်။

နောက်ဆုံး၌ ရှမဝဦးကျော်သည် အိတ်ထဲက ပိုက်ဆံအိတ်ထုတ်ကာ လက်မှတ်ဝယ်ယူပြီး သူ့မိတ်ဆွေများနှင့် ရုံထဲ ဝင်ကြရတော့သည်။

ဤအကြောင်းကို ရုံပိုင်ရှင်ကိုဝင်းဈေး၊ သုမာလာ ဦးဘဝင်းတို့ပါ နောက်မှ သိကြကာ ရှမဝဦးကျော်အား တောင်းပန်စကားပြောပြီး လက်မှတ်ဖိုးပြန်ပေးတယ်တဲ့။

စပယ်ဦးစာပေ



ဒါပေမယ့် ရှမဝဦးကျော်က လက်မခံတဲ့အပြင် ဘာပြန်ပြောလိုက်သလဲဆိုတော့...

"ခင်ဗျားတို့ရုံ စည်းကမ်း သိပ်ကောင်းတာကို ကျုပ်ချီးမွမ်းတယ်ဗျာ၊ ဒီလိုစည်းကမ်းကောင်းတာဟာ ကျုပ်တို့ ကုမ္ပဏီအကျိုးပါ၊ စည်းကမ်းရှိသေတဲ့ ရုံစောင့်ကလေးကို ကျုပ်က ဆုတောင် ချလိုက်ချင်ပါသေးတယ်" တဲ့။

❁

www.burmeseclassic.com

www.burmeseclassic.com



## ထီးအတူဆောင်းမိလို့

တစ်ခါက ဝါရင့်မင်းသမီးကြီးတစ်ယောက် နာနပ်ယူရတဲ့ အကြောင်းကတော့ ဒီလိုပါ။

သူမနှင့်အတူ ဆရာသမား ဒါရိုက်တာကြီးတို့ ရှူတင်ထမင်း လက်ဆုံစားနေကြတယ်။ မောင်ကြီး စား၊ ညီမလေး စားနဲ့၊ တစ်ယောက်က တစ်ယောက်ရဲ့ပန်းကန်ထဲ အပြန်အလှန်ထည့်လို့ပေါ့။

ဒီအချိန်မှာ ဖြုန်းဆို ဒါရိုက်တာကတော် မလာစဖူး ရောက်လာပြီး သူ့လင်နဲ့ ရွှေမင်းသမီးတို့ ထမင်းလက်ဆုံစားနေတာကို . . .

"ဟင် . . . ကိုဟာဝါ၊ ကျုပ်ကတော့ တော်ကို စိတ်ချပြီး ရိုက်ကွင်းကို လာတောင် မလာခဲ့ဘူး၊ ရှင်ကတော့ အလုပ်တော့ မလုပ်ဘူး၊






အလေနတော လိုက်နေတယ်ပေါ့လေ၊ မနေ့တုန်းက ရှင်တို့ နှစ်ယောက် ရှူတင်မှာ ဘာတွေလုပ်နေတယ်ဆိုတာ ကျုပ် သတင်း ရထားတော့ ငါ့လင် ဒီလောက်ဆိုးမယ်လို့ မထင်ပါဘူးလို့ ထင်ခဲ့တာ၊ ခုတော့ ကောင်းကြသေးရဲ့လားဟင် . . ." ဟု ကက်ကက်လန်အောင် ရန်တွေ့ပြီး မင်းသမီးနှင့် သူ့လင် စားနေသည့် ထမင်းစားပွဲကြီးကို ဝုန်းခနဲ လှန်ပစ်လိုက်ကာ ဆောင့်အောင့်ထွက်သွားတော့သည်။

"ကျွန်မဖြင့် ရင်တုန်ပန်းတုန် ရှိလိုက်တာရှင်၊ ခုထိအရှိန်မပြေသေးဘူး၊ အပြစ်က တစ်နေ့က မိုးတွေ ဖြုန်းခနဲ ရွာချလိုက်တော့ ဆရာနဲ့ ကျွန်မ အတူ ထီးဆောင်းပြီး အမိုးရှိရာ ပြန်လာကြတာကို ဘယ်သကောင့်သားက သံတော်ဦးသွားတင်တယ် မသိဘူး၊ ရှူတင်ကို လာရမ်းသွားတာပဲ၊ ဖြစ်ချင်တော့ သူလာချိန်ကျမှ ကျွန်မတို့ကလဲ ထမင်းအတူ စားနေကြတာကိုး . . ." ဟု ရွှေမင်းသမီးက နုတ်သံနှောကာ ဖြစ်ကြောင်းရယ်တဲ့မှ ကုန်စင်တော့သည်တကား . . .။

www.burmeseclassic.com

www.burmeseclassic.com




## မောင်လှမျိုးရဲ့ မာစီဒီး

"တစ်ခေတ်က မြန်မာရုပ်ရှင်လောကတွင် မင်းသား၊ မင်းသမီးတို့သည် မာစီဒီ၊ ကြည်ကြည်ဌေးကဟော သူလည်း မာစီဒီးပေါ့။ မောင်သင်တောင် မနေနိုင် မာစီဒီးဝယ်စီးခဲ့သည်။ ကျော်ဆွေကော ခင်ယုမေပါ မာစီဒီးကိုယ်စီနှင့်...

ဒီတော့ ဒါရိုက်တာ အောဝမ်းလှမျိုးကလည်း အားကျမခံ၊ မာစီဒီးဝယ်လိုက်သည်။

သို့သော် သူ့မာစီဒီးက အသေ'စား မော်ဒယ်၊ ဘိုးတော်ဘုရားလက်ထက်က လုပ်တာ။ နောက်ဆုံးတော့ မမာလွန်းသော သူ့မာစီဒီး သူ့စီတော်ကားကို ရောင်းဖို့ ဆုံးဖြတ်လိုက်၏။





မာစီဒီးဆိုရင် အသေရရ အရှင်ရရ လိုချင်နေကြသော အချိန်ဖြစ်ရာ ဝယ်သူတွေ မဟာမြိုင်ခြံမှာ ခြေချင်းလိမ်နေ၏။

လာရောက်ကားကြည့်သူများအနက် နာမည်ကျော် အသုဘယာဉ်လုပ်ငန်းရှင်ကြီး ဦးပန်ချာလည်း ပါ၏။

ဦးပန်ချာက နိဗ္ဗာန်ယာဉ်လုပ်ဖို့ မောင်လှမျိုး မာစီဒီးကို မျက်စိကျနေသည်။

သူများပေးမည့်ဈေးထက် ပိုပေးပါ့မည်။ သူ့ကို ရောင်းပါဟု ဆိုလာ၏။

ဒါရိုက်တာ ကိုချဲ့ကြီး ရှုံ့မဲ့သွား၏။

ဘာပဲဖြစ်ဖြစ် သူ့ကားကိုတော့ နိဗ္ဗာန်ယာဉ် အဖြစ်မခံနိုင်ပြီ။

"ဝမ်းနည်းပါတယ် ဦးပန်ချာ၊ အလာကောင်းပေမယ့် အခါနှောင်းသွားပြီခင်ဗျာ"

ဒါရိုက်တာက ဆီးပြောသည်။

"ဟုတ်လားဗျာ...တောက်...ကျုပ် နည်းနည်းနောက်ကျသွားတယ်၊ ကိစ္စမရှိပါဘူး"

ဦးပန်ချာက ပြောလျှင် မောင်လှမျိုးက...

"ဟုတ်ပါတယ်ခင်ဗျာ...ဒီပြင်မာစီဒီးတွေ အပုံပါ၊ မောင်သင်ကား ပြန်ရောင်းတော့မလိုလို ကြားတယ်ဗျာ"

"နေပါစေတော့ သူတို့မာစီဒီးက ကြီးလွန်းတယ်၊ ကျုပ်နဲ့ မကိုက်ဘူး"

"ဩော်...ဩော်...ဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ဒီကားကို ဘယ်က ဝယ်သွားလဲဗျာ"

"ဘာဖြစ်လို့လဲ"

"သြော်...ဘာမှမဖြစ်ပါဘူး၊ သိချင်လို့ပါ"

"ရှမ်းပြည်နယ်ကလို့တော့ ပြောတာပဲ၊ ကျုပ်လဲ သေသေချာချာ မသိပါဘူး၊ အိမ်က အရောင်းအဝယ်လုပ်တာပါ"

"သြော်...သြော်...ကဲ...ကျုပ်ကို ပြန်ခွင့်ပြုပါဦး"

"ဟုတ်...ဟုတ်...ဟုတ်ကဲ့..."

တခြားသည့်သည်ဆိုပါက နောက်ကြုံရင်လည်း ဝင်ပါ ပြုပါဟု ပဋိသန္ထာရ လောကွတ်စကားကို ပြောရရဲ့။ ခုတော့ နိဗ္ဗာန်ယာဉ် လုပ်ငန်းရှင်ဆိုတော့...

အမှန်အားဖြင့် မောင်လှမျိုးသည် သူ့ကားကို မရောင်းရသေး။ ဦးပန်ချာကို မရောင်းချင်သဖြင့် တမင်လိုးလွဲ ပြောလွှတ်လိုက်ခြင်း ဖြစ်သည်။

နောက်များ မကြာမီ မောင်လှမျိုးသည် သူ့မာစီဒီးအိုးမိုဒယ်လ် ကြီး ရောင်းစွဲသွားလို့ 'လိတ်တက်' ဆလွန်းကားအသစ်တစ်စီးဝယ်စီး သည်ကို တွေ့ရသည်။

သို့သော် သူ့ကြည့်ရသည်မှာ ခရမ်းသီး မီးဖုတ်ထားသလို မျက်နှာကြီးရှုံ့မဲ့နေသဖြင့် သူ့ကိုယ်ရံတော် ဦးဝမ်ခြူးကို တိုးတိုး တိတ်တိတ် ကြိတ်မေးကြည့်ရ၏။

"ခင်ဗျား...မကြားလိုက်ရဘူးလား"

"ဆိုစမ်းပါဦး"





"ကိုချက်ကြီး (မောင်လှမျိုး၏ ငယ်နာမည်) ခေါင်း ဆင်နှင်း ခံရတာလေ"

"သူ့ကြည့်ရတာ ခေါင်းလဲ မပြားပါလားဗျာ"

"ခင်ဗျားကလဲ ဒုံးဝေးလိုက်တာ၊ ဥပမာ တင်စားပြောတာဗျ"

"သြော်...ဟုတ်လား၊ ကဲ...ပြောစမ်းပါဦး၊ ဘယ်မင်းသားက ရက်ချိန်းပေးပြီးမှ ရွှတင်ကပ်ဖျက်လိုက်လဲ"

"ဒါကြောင့် မဟုတ်ပါဘူး၊ သူ့မာစီဒီးကို တစ်လောက ရောင်းလိုက်တယ် မဟုတ်လား"

"ဟုတ်တယ်လေ...ဦးပန်ချာလာဝယ်လို့ မရောင်းချင်တာနဲ့ ရောင်းပြီးပြီလို့ လိမ်လွှတ်လိုက်တာ ကြားလိုက်သားပဲ"

"အဲ...ခု...မောင်လှမျိုး မာစီဒီး ဦးပန်ချာရဲ့လက် ရောက် နေပြီလေ"

"ဗျာ..."


"မဗျာနဲ့၊ အဟုတ်ပြောတာ၊ ခင်ဗျားရဲ့လူကြီး ဒီတစ်ခါတော့ နပ်ပစ်ခံရတာပဲ၊ ဟိုက သူ့ကားကို မရ,ရအောင် လိုက်စုံစမ်းပြီး အမြတ်ပေး ဝယ်ချလာတာတဲ့"

"ခင်ဗျားကြီး ဘာတတ်နိုင်သေးလဲ၊ သူ့ကား သူပြန်မစီးရဖို့ဘဲ ဆုတောင်း"

"ဗျို..."

www.burmeseclassic.com

www.burmeseclassic.com



# စာချုပ်အတိုင်းပဲ

မြန်မာရုပ်ရှင် ရွှေခေတ်က (၁၉၄၆–၁၉၇၅) ရုပ်ရှင်ကုမ္ပဏီတစ်ခုနှင့် နာမည်ကြီး အလှမယ်မင်းသမီးတို့ ကားတစ်ကားရိုက်ရန် နှစ်ဦးသဘောတူ စာချုပ်ကြသည်။

မင်းသမီးက သူ့ကို အတူလိုက်မင်းသားက မပွေ့ရ၊ မဖက်ရ၊ မနမ်းရဟု စာချုပ်တွင် ထည့်သွင်းချုပ်ဆိုခဲ့သည်။

ကုမ္ပဏီက စာချုပ်အတိုင်း မင်းသမီးကို အတ်ကားတစ်ကားပြီးအောင် ရိုက်ခဲ့သည်။

နောက်ဆုံး ရက်တွင် ဒါရိုက်တာက တပည့်လက်သားအားလုံးကို နောက်တပ်ရိုက်စရာ ကျန်မကျန် သေချာအောင် မေးမြန်းပြီး





ဘာမျှ လိုလေသေးမရှိ၊ ရိုက်စရာမရှိဟု သိရလျှင် နောက်ဆုံးနေ့ နောက်ဆုံးအခန်းအတွက် ယူကြမ်းတစ်လက်ကို ငှားရမ်းလိုက်သည်။

လူကြမ်းက နေ့စား ၁၅–ကျပ် တောင်းရာ ဒါရိုက်တာက တစ်နေ့တွက် ၅၀–ကျပ်ပေးမည်၊ မင်းသမီးကို သူ ခိုင်းသည့်အတိုင်း သရုပ်ဆောင်ရမည်၊ မင်းသမီးက အဘယ်သို့ပင် ငြင်းဆန်စေကာမူ စေခိုင်းသည့်အတိုင်း ဆုံးအောင် လုပ်ဆောင်ရမည်ဟု မှာကြားသည်။

ကင်မရာမင်းကိုလည်း အစ အဆုံး ရိုက်ကွက်ကို မရပ်ဘဲ မနားဘဲ ရအောင်ရိုက်ဖို့ မှာထားပြီးနောက် မင်းသမီးကို လူကြမ်းက ဗလက္ကာရ ပြုလုပ်ခန်းကို ရိုက်တော့သည်။

မင်းသမီးက မမျှော်လင့်ဘဲ အတင်းဆွဲ၊ အတင်းပွေ့၊ အတင်းနမ်းရှုပ်ခြင်း ခံရသဖြင့် ချုံးပွဲချ ငိုတော့သည်။

ဒါကို ကင်မရာကလည်း အရအမိရိုက်ယူခဲ့သည်။ ကားတည်ဖြတ်ပြီး ရုံတင်ခါနီးတွင် မင်းသမီးအဖေက ဝတ်လုံငှားပြီး စာချုပ်ဖောက်ဖျက်မှုဖြင့် နို့တစ်ပေးလာတော့သည်။

ကုမ္ပဏီကလည်း ဝတ်လုံငှားပြီး သူတို့ဘက်က စာချုပ်မဖောက်ဖျက်ကြောင်း ထုချေသည်။

"ဟောဒီမှာ ဝတ်လုံတော်ရမင်း၊ စာချုပ်ကို လေ့လာကြည့်ပါ၊ အတ်လိုက်မင်းသားက မင်းသမီးကို မပွေ့ရ၊ မဖက်ရ၊ မနမ်းရှုပ်ရ လို့သာ ပါပါတယ်ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ကျုပ်တို့ မင်းသမီးကို နောက်ဆုံးပိတ် ရိုက်တဲ့နေ့မှာ ပွေ့တာ၊ ဖက်တာ မကဘူး၊ နမ်းရှုပ်ခန့် တောင် ရိုက် လိုက်သေးတယ် မဟုတ်လား"


"ဒါတော့ ဇာတ်လမ်းအရ ကပြရတာပါခင်ဗျာ၊ ဒါပေမယ့် ကုမ္ပဏီဘက်က စာချုပ်ကို လုံးဝ မဖောက်ဖျက်ပါဘူး"

"ဘာဖြစ်လို့ . . ."

"ဘာဖြစ်လို့လဲဆိုတော့ ခုဟာက ဇာတ်လိုက်မင်းသားက ပွေ့တာ၊ ဖက်တာ၊ နမ်းရှုပ်တာ မဟုတ်ပါဘူး၊ စာချုပ်ကို ပညာရှိ ဝတ်လုံတော်ရမင်း ပြန်ဖတ်ကြည့်ပါခင်ဗျာ"

"အိုးမိုင်ဂေါ့ . . .ကျုပ်တို့ အရှုံးပေးပါပြီ၊ ခင်ဗျားတို့ တော်တော် ဥပဒေကို လက်တစ်လုံးကြား ရှောင်နိုင်ကွင်းနိုင်ကြပါပေတယ်" ဟု ပြောဆိုကာ နောက်ဆုတ်သွားကြတော့၏။

ကုမ္ပဏီက စံတော်သစ်၊ ဒါရိုက်တာက သက်လက်၊ ကား အမည်က 'ဝဏ္ဏကျော်ထင် ဦးမင်းဒင်'၊ မင်းသမီးကတော့ သိတဲ့ အတိုင်းပါပဲ။



# ဦးတိကျကြီး ပဲရောဆန်နီ

ပဲရောရုပ်ရှင်သူဌေး ဦးဆန်နီသည် အလွန်စည်းကမ်းကြီး သူ လည်း ဖြစ်သည်။ အလုပ်သမားများနှင့် ဆက်ဆံရာတွင်လည်း အလွန် တိကျသဖြင့် အလုပ်သမားတိုင်းက ချစ်ကြောက်ရိုသေကြ၏။

ပဲရောရုပ်ရှင်တွင် စစ်ကြိုခေတ်က လူကြမ်းမင်းသား အောင်ကျော် သည် ဒါရိုက်တာအဖြစ်ပါ လုပ်ကိုင်ခဲ့သည်။

ကိုအောင်ကျော်သည် ဦးဆန်နီထံမှ မကြာခဏ ပိုက်ဆံတောင်း တတ်လွန်းသဖြင့် ဦးဆန်နီက . . .

"ဟော့ . . .အောင်ကျော်၊ မင် အလုပ်မပြီး သေးဘဲနဲ့ ငွေခဏခဏ ထုတ်လို့ ဘယ်ဖြစ်မလဲ"

www.burmeseclassic.com



"ကားက ဆက်နေတာ ပြီးခါနီးပါပြီ"

"ဟော့...မင်း ကားဆက်ပြီးတဲ့အခါ မင်း ငွေကို လာထုတ်လှည့်ကွာ၊ ညအချိန်မှ ပြီးရင်လဲ ပြီးတဲ့အချိန်မှာ လာခဲ့"

ဒါရိုက်တာ ကိုအောင်ကျော်သည် ကားကို ညတွင်းချင်း အပြီးဆက်ရာ ညကြီးသန်းခေါင်လောက်တွင် ကားဆက်ပြီးသွားတော့သည်။

လူရွှင်တော်ကြီး ကိုအောင်ကျော်သည် မော်တင်လမ်းရှိ ပဲရော့ ဦးဆန်နီ၏ တိုက်သို့ ကားပုံးများပါ ယူသွားကာ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား သူ့ဌေးကြီးကို နှိုးတော့သည်။

"ဆရာကြီး...ဆရာကြီး..."

ခေါ်သံကြားရသဖြင့် ပဲရော့ ဦးဆန်နီသည် အိပ်နေရာမှ နိုးလာသည်။ ဝရန်တာသို့ ထွက်လာပြီး အောက်သို့ လှမ်းမေးသည်။

"ဘယ်သူလဲဟေ့...ငါ့ကို ညအချိန်မတော် လာနှိုးတာ"

"ကျွန်တော် မောင်အောင်ကျော်ပါ ဆရာကြီး၊ ခုပဲ ကားဆက်ပြီးလို့ ဖလင်တွေ လာအပ်တာပါ"

ဒါရိုက်တာ ကိုအောင်ကျော်က ဖလင်ပုံးတစ်ပုံးကို မြှောက်ပြလိုက်ပြီး အော်သည်။

"အေး...အေး...ဖလင်တွေကို အောက်ထပ်က အစောင့်ဆီ အပ်ထားခဲ့၊ ခဏနေဦး"





ပြောပြောဆိုဆို ဦးဆန်နီသည် တိုက်တွင်းသို့ ပြန်ဝင်သွားပြီးလျှင် အိတ်တစ်အိတ်တွင် ငွေစက္ကူများထည့်ပြီး...

"ရော့...ရော့...မင်းအတွက် လုပ်ခ" ဟု ပြောရင်း ငွေထည့်ထားသော အိတ်ကို ပစ်ချပေးလိုက်သည်။

ပဲရော့ ဦးဆန်နီ၏ တိကျပုံကား စံတင်လောက်ပါပေ၏တကား...။

✻

www.burmeseclassic.com

www.burmeseclassic.com



## သူ့အကျင့်

ဒါရိုက်တာ စာရေးဆရာကြီးတစ်ယောက်ဟာ နယ်ကို ကားရိုက်ဖို့ ခရီးထွက်ရရင် ဘယ်တော့မှ လေယာဉ်ပျံမစီးဘူး။ လေယာဉ်ပျက်ကျရင် မာလကီးယားမှာ စိုးလို့လားဆိုတော့ ဒီလိုလည်း မဟုတ်ပါဘူး။ သူ့ဆင်ခြေကတော့ ဒီလိုပါ။ လေကြောင်းက ခရီးသွားရတာ တော နယ် သဘာဝရှုခင်းတွေကို ကောင်းကောင်း မခံစားနိုင်ဘူး။ ကြာကြာလည်း မစီးရတော့ နားချိန်သိပ်မရဘူးတဲ့။ ပြီးတော့ ခရီးသွားတိုင်း ကားရှိသားနဲ့ ကိုယ့်ကားနဲ့လည်း မသွားဘူး။ မီးရထားနဲ့ပဲ သွား တတ်တယ်။

ရထားစီးရရင်လည်း အမြန်ရထားမစီးဘူး။ အထက်တန်း အထူ တန်းကလည်း မစီးဘူး။ သူ့အပြောကတော့ ရိုးရိုးရထားက





တစ်ဘူတာပြီး တစ်ဘူတာ ရပ်သွားတော့ လမ်းခရီးတစ်လျှောက် ဝယ်စားချင်တာ ဝယ်စားလို့ ရသတဲ့။ ပြီးတော့ ရိုးရိုးတန်းစီးတဲ့အကွက် လူကြားထဲ ခရီးသွားရတော့ လူထုပြောကြဆိုကြတာတွေ ကြားသိရနိုင်သတဲ့။ ပြီးတော့ သူ့အကျင့်က အမြဲတမ်းပဲ အနားမှာ ရှိတဲ့ မိန်းကလေးခရီးသည်ကို ရှာပြီး အသိဖွဲ့တတ်တယ်။

သူ အသိဖွဲ့ပုံကလည်း ယဉ်သကိုး...

"သမီးကလေး ဘယ်နှစ်နာရီထိုးပြီလဲ" တဲ့။

သူ့မှာလည်း နာရီရှိသားနဲ့ တမင်မေးတတ်တယ်။

ဒီတော့ မိန်းကလေးက တကယ်အချိန်သိချင်တယ် မှတ်ပြီး ရိုးရိုးသေသေပဲ...

"ဆယ်နာရီရှိပါပြီ ဘဘ" ပေါ့။

ဒီတော့ ဒါရိုက်တာကြီးက ခေါင်းတညိတ်ညိတ်နဲ့...

"ဪ...ဆယ်နာရီတောင် ထိုးပေါ့ကိုး...ဒါထက် သမီးတို့က ဘယ်သွားကြမှာတုန်း..." လို့ စလုံးရေ စ,တော့တာပဲ။

"သမီးတို့က ရှေ့ နှစ်ဘူတာဆို ဆင်းကြတော့မှာပါ"

"ဪ...သမီးတို့က ပျဉ်းမနားကလား၊ ပျဉ်းမနားက မျှစ်ချဉ်က တယ်နာမည်ကြီးတယ်နော်၊ ဘဘကြားဖူးတာကတော့ ဒီမျှစ်ချဉ်ကို နှစ်နဲ့ချိပြီး မြေအိုးနဲ့ မြှုပ်ထားတာဆိုပဲ၊ ဟုတ်ရဲ့လား သမီးတို့..."

"ဟုတ်ပါတယ် ဘဘ၊ သမီးတို့အိမ်ကလဲ ဒီမျှစ်ချဉ်တွေ လုပ်ပြီး ရန်ကုန်ကို ပို့နေကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဒါဖြင့် အတော်ပဲ၊ ဘဘက စာရေးမလို့၊ ဒီမျှစ်ချဉ်လပ်နည် ရော၊ လုပ်တဲ့အကြောင်းကိုရော ဓာတ်ပုံလဲရိုက်မယ်၊ ဗီဒီယိုနဲ့လဲ မှတ်တမ်းတင်မယ်၊ သမီးတို့ အကူအညီပေးကြမလား"

"ရပါတယ် ဘဘရယ်"

"ဒါဖြင့် နေရာကျပြီး ဘဘ ခုကားရိုက်က အပြန် သမီးတို့အိမ်ကို ဝင်လာခဲ့မယ်နော်…အဲဒီတော့မှ ပုန်းမနေနဲ့ဦး"

"လာသာ လာခဲ့ပါ၊ သမီးတို့ စောင့်နေပါ့မယ်"

ဒီလိုနဲ့ အိုကေမှာ ခိုပြည်လို့ ဒါရိုက်တာကြီးလည်း အသိအကျွမ်းရသွား တော့တာပေါ့။

✿

BURMESE CLASSIC .com



## မင်းသမီးကို ကြိမ်းမိလေခြင်း

ဒါရိုက်တာ စာရေးဆရာကြီးတစ်ယောက်ကတော့ သူ့ရိုက်ကွင်းကို အချိန်မီ မလာရင် အားကြီးစိတ်ဆိုးတတ်တယ်။ သူကိုယ်တိုင်ကလည်း အမြဲတမ်းရိုက်ကွင်းကို အစောကြီး ရောက်နေတတ်တယ်။

တစ်နေ့တော့ သတင်းကြီးတဲ့ မင်းသမီးကြီးက နောက်မကျစဖူးနောက်ကျနေလို့ ဒါရိုက်တာကြီး ဒေါသူပုန်ထပါလေရော…။

လူမစုံတော့ ကားက ရိုက်မရတော့ ပိုဒေါသဖောင်းတာပေါ့။

ဒီအချိန်မှာ ရွှေမင်းသမီးက ကြောလိုမောလို့ ဝတ်စားပြီးစတူဒီယိုထဲ ဝင်လာတယ်။ ခါတိုင်းလိုပဲ မှတ်ပြီး တွေ့တဲ့ လူတကာကို နောက်ပြောင်နေလေရဲ့။

စပယ်ဦး-ဘာလေ

www.burmeseclassic.com

www.burmeseclassic.com



ဒီတင် ဒါရိုက်တာကြီးက မျက်ထောင့်နီကြီးနဲ့ မင်းသမီးကို ခေါ်နိုင်းလိုက်တယ်။

မင်းသမီးက ဆရာဒါရိုက်တာ ခေါ်တယ်ဆိုရင်ပဲ ပျာပျာသလဲနဲ့ ရောက်လို့လာတာပေါ့။

သူ့ဆရာကို ထုံးစံအတိုင်း ထိုင်ကန်တော့ပြီးမှ မင်းသမီးက ပြုံးပြုံးကလေးနဲ့ . . .

"ဆရာ . . . သမီး ဒီနေ့ နောက်ကျတာကို ခွင့်လွှတ်နော်"

"အေ . . . ဒီတစ်ကြိမ်တော့ ဆရာ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ကြိမ်ဆိုရင် ဆရာ သည်းမခံနိုင်ဘူး၊ မနက်ဖြန် ခုနစ်နာရီထိုးအရောက် ညည်းရောက်ရင်ရောက် မရောက်ရင်တော့လား၊ ညည်းနဲ့ငါနဲ့ အသိပဲ၊ အချိန်မလေးစားတဲ့ မင်းသမီးမျိုးနဲ့ ဆရာ ဘယ်တော့မှ အလုပ်မလုပ်ပေဘူးဆိုတာ မှတ်ထား၊ ကြားလား . . ."

"ဟုတ်ကဲ့ . . . ကြားပါတယ် ဆရာ"

အာ လုံကတော့ မာနခဲ မင်းသမီးနဲ့ ခေါင်းမာတဲ့ ဒါရိုက်တာကြီးနဲ့တော့ ကျုပ်နဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီပေါ့။

ဒါရိုက်တာကြီးကလည်း ကြိမ်းသာ ကြိမ်းလိုက်ရတယ်။ သူ့ခမျာမှာလည်း တစ်ညလုံး အိပ်လို့ မပျော်နိုင်ဘူး။ တကယ်လို့ မင်းသမီးက ခုနစ်နာရီရောက်မလာရင်တော့ အခက်ပဲပေါ့။ သူကြိမ်းခဲ့တဲ့အတိုင်း ပဲ မင်းသမီးနဲ့ သေခန်းပြတ်တော့မယ်။ ရိုက်လက်စ ကားကိုလည်း ဖျက်ပစ်ရတော့မယ်ဆိုပြီး ဘုရားရှိခိုးရင်း မင်းသမီးကလေးကို မှာလိုက်တဲ့အတိုင်း စောစောလာပါစေဆိုပြီး ဆုတောင်းသတဲ့။





မနက်မိုးလင်းတော့ နံနက်စာ ကတိုက်ကရိုက် စားသောက်ပြီး ဒါရိုက်တာကြီးဟာ စတူဒီယိုကို ဒုန်းစိုင်းပြေးသွားတာပေါ့။

တစ်လမ်းလုံးလည်း ပုတီးစိပ်ရင်း မင်းသမီးလေးကို မှာလိုက်တဲ့အတိုင်း လာပါစေ။ ဘုရား သိကြားမ,လို့ စောစောလာပါစေဆိုပြီး ဆုတောင်းလိုက်ရတာ။ ဒါနဲ့ စတူဒီယိုထဲလည်း ရောက်ရော ဒါရိုက်တာကြီးက . . .

"ဟော့ . . . မင်းသမီး ရောက်ပြီလားဟေ့ . . ." လို့ လေသံမာမာနဲ့ မေးသာ မေးလိုက်ရတယ်။ တထိတ်ထိတ်နဲ့ . . .

"ဟုတ်ကဲ့ ဆရာ၊ သမီး အစောကြီးကတည်းက ရောက်နေပါတယ် ဆရာ" ဆိုပြီး မင်းသမီးကလေး ဖြီးလိမ်းဝတ်စားနေရာကနေ အသံပြန်ပေးလိုက်မှ ဒါရိုက်တာကြီး သက်ပြင်းချလိုက်နိုင်တော့တယ်။

ကံကြီးပေလို့ . . . ဒင်းကလေး လိမ္မာပေလို့ . . . နို့မို့ရင်လား . . . ငါ့စကားအတိုင်း မင်းသမီးနဲ့ လမ်းခွဲရတော့မယ်လို့ ဒါရိုက်တာကြီးက ထိုင်တွေးနေမိတယ်။

ဒီအချိန်မှာပဲ မင်းသမီးကလေး ဝတ်စားဖြီးလိမ်းလို့ ထွက်လာပြီး သူ့ဆရာကို ရိုရိုသေသေ ထိုင်ကန်တော့ပြီးမှ . . .

"ကဲ . . . ဆရာ၊ သမီး အဆင်သင့်ပဲ၊ ဘာအဝတ်အစားလဲရမလဲ ပြောလေ၊ မနေ့က အဆက်ပဲလား"

ဒါရိုက်တာကြီးက သူ့ခေါင်းသူ ကုတ်လိုက်ပြီးမှ . . .

www.burmeseclassic.com




"ဒါအသာထားစမ်းပါဦး၊ ရွှေကြည် . . .ညည်းကို ငါပြောစရာရှိတာ ပြောပြချင်သေးတယ်၊ နို့မို့ရင် ငါ တစ်နေ့လုံး ဘဝင်မကျလို့ ဘာအလုပ်မှ လုပ်လို့ ရတော့မှာ မဟုတ်ဘူး"

"ပြောပါ ဆရာ"

"ငါ့မှာ ညည်းစောစောမှ လာပါ့မလား၊ မလာများ မလာရင်တော့ ငါက ဒီအတိုင်း ညည်းနဲ့ လမ်းခွဲရတော့မှာပဲ၊ အဲဒီလိုမဖြစ်ပါစေနဲ့လို့ ငါ့မှာ ဘုရားမှာ ဆုတောင်းလိုက်ရတာ အမော၊ တော်ပါသေးရဲ့၊ ညည်းက ငါ့စကား နားထောင်ပေလို့ပေါ့"

ဆရာဦးသုခက သည်လို အမှန်အတိုင်း ဖွင့်ပြောတော့ . . . ကြည်ကြည်ငွေးက မျက်စောင်းကလေးထိုးပြီး ပြုံးရှာတယ်တဲ့။

သူလည်းပဲ ဆရာ့လိုပဲ ရှုတင်နောက်မကျရအောင် မနက်စောစောကြီးကတည်းက ကမန်းကတမ်း စတူဒီယိုကို ပြေးလာခဲ့ရတာကိုး . . .။




# နေကောင်းလား

တစ်ခါတုန်းက မိတ်ဆွေဒါရိုက်တာ ရဲဘော်သက်ရှည်က သူ့သား မင်္ဂလာဆောင်ကို ဖိတ်လို့ ဒါရိုက်တာဗိုလ်ဇကို၊ ဒါရိုက်တာဦးတင်ယု၊ ဒါရိုက်တာ ဦးသက်လယ်၊ ဒါရိုက်တာ ဦးထွန်းလှိုင်၊ ဒါရိုက်တာ ဦးပြည့်စုံ၊ ဒါရိုက်တာ ဦးထွန်းမြင့်ဦး၊ ဒါရိုက်တာ ဦးဝင်းမောင်၊ ဒါရိုက်တာ ဦးသက်နောင်တို့တစ်တွေ တပျော်တပါးကြီးပဲ။ အင်းလျားကန်ဟိုတယ်ကို ရောက်ခဲ့ကြတယ်။

နောက်ကျနေလို့ အလယ်မှာ နေရာမရကြဘဲ ဘေးဘက်နေရာမှာ ထိုင်ကြရတယ်။ တီးဝိုင်းကလည်း နီးတော့ ဆူညံနေတာပေါ့။

စပယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တီးဝိုင်းက လူတွေ အပြင်ထွက်ချင်ကြရင် ဒါရိုက်တာတွေ ရှေ့က ဖြတ်သွားရတယ်။ အဆိုတော်လည်း အဆိုကျော်၊ ရုပ်ရှင်မင်းသမီးလည်း ဖြစ်တဲ့ မဟာဝါ အဖော်မိန်းကလေးတစ်ယောက်နဲ့ လျှောက်လာကြတယ်။ သူက ဒါရိုက်တာအားလုံးကို ပြုံးပြနှုတ်ဆက်သွားတယ်။ နှုတ်သွက်အာသွက် ဒါရိုက်တာတစ်ယောက်က "မဟာဝါ နေကောင်းလား"လို့တောင် လှမ်းနှုတ်ဆက်လိုက်သေးတယ်။ မင်းသမီးက 'ခေါင်းညိတ်ပြီး ထွက်သွားလေရဲ့။

ခဏကြာတော့ လွယ်ထားတဲ့ အန္တရာယ်ကို သွားစွန့်ပြီး ပြန်လာကြတယ်။

စောစောကလိုပဲ အားလုံးကို ပြုံးနှုတ်ဆက်သွားတယ်။ သူနဲ့ ကားရိုက်နေကြ ဒါရိုက်တာ ငနဲက လူရှေ့သူရှေ့မို့လို့ ထင်ပါရဲ့၊ ပြန်ပြုံးဖော်တောင် မရဘူး။ ခပ်တည်တည်ပဲ။

ခဏနေတော့ ကောင်မလေးတစ်ယောက် တီးဝိုင်းဘက်က လာပြီး အဲဒီဒါရိုက်တာ ကိုပေစိကို စာရွက်ခေါက်ကလေး လာပေးတယ်။

"မမက ပေးခိုင်းလိုက်လို့" တဲ့။

ကိုပေစိက စာရွက်ခေါက်ကလေးကို ယူဖတ်ကြည့်ပြီး ဆုတ်ပစ်မယ်လုပ်တော့ သူ့အနားက ဒါရိုက်တာ ကိုစပ်စုက "ဟေ့... ဟေ့...ဘာရမလဲ၊ ဘာစာလဲ၊ ကျုပ်တို့လဲ ဖတ်ချင်တယ် ပြ" ဆိုမှ စာရွက်ခေါက်ကလေးကို ပေးတယ်။





ကိုစပ်စုက စာရွက်ခေါက်ကို ဖြန့်ပြီး အများကြားအောင် ဖတ်ပြလိုက်တယ်။

"နေကောင်းလား" တဲ့။

ဖစ်မှ ဖတ်ရပလေ။ စောစောကတည်းက နှုတ်နဲ့ မေးလို့ရသားနဲ့။ စာတစ်တန် ပေတစ်တန် လုပ်နေရသေးတယ်။

ဒါရိုက်တာအားလုံး ကိုစပ်စု စကားအဆုံးမှာ ဝိုင်းရယ်ကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## အင်းလျားကန်မှာ တစ်နေ့ကုန်

အဲဒီဒါရိုက်တာ ကိုပေစီပဲပေါ့။

တစ်နေ့ကုန် ဒီငတိ ပျောက်ချက်သား ကောင်းနေလို့ မိတ်ဆွေဒါရိုက်တာတွေက တစ်မြို့လုံး ဒေါင်းတောက်အောင် လိုက်ရှာနေကြတာပေါ့။ ဘယ်မှ ရှာမတွေ့တဲ့အဆုံး လက်လျှော့လိုက်ရတယ်။

နောက်တစ်နေ့ ကိုပေစီ ပြုံးဖြဲဖြဲနဲ့ ရောက်လို့ လာတော့ ဝိုင်းမေးကြတာပေါ့။

"ဟေ့လူ...မှန်မှန်ပြော၊ မနေ့က ဘယ်သွားနေလဲ၊ ကားရိုက်လဲ မရှိဘူး၊ ကာ ဆက်ခန်းမှာလဲ မတွေ့ရဘူး"

"သူ့မင်းသမီးနဲ့ ချိန်းတွေ့လို့ နေမှာပေါ့"

စပယ်ဦးစာပေ



"ဟုတ်လား"

ဘယ်တော့မှ လိမ်မပြောတတ်တဲ့ ကိုပေစီက...

"ဒါပေါ့..."

"ဒါဆိုရင် ကျုပ်တို့ကို အရင်းအတိုင်း ဖောက်သည်ချရမယ်"

"ဟုတ်တယ်၊ ဖလက်ရှ်ဘက် ရိုက်လေး နှာထောင်ရအောင်"

"ကဲ...ကိုယ့်လူ၊ ညာတော့ မပြောနဲ့၊ မဟဝါနဲ့ ချိန်းတွေ့ကြတာ မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲ...ဟုတ်ပြီ၊ ရိုက်မစ်စ်ဘဲနဲ့ အမှန်ကို ပြောတယ်၊ ဒီငနဲ မဆိုးဘူး"

"နေစမ်းပါဦး၊ ဘယ်မှာ ချိန်းတွေ့ကြတာလဲ"

"အင်းလျားမှာ..."

"ဘယ်လောက်ကြာသလဲ"

"တစ်နေ့ကုန်ပေါ့"

"တစ်နေ့ကုန်အောင် ဘာတွေများ လုပ်နေကြလဲ"

"ထိုင်ရှိခိုးနေသလားမှ မသိဘဲ၊ သားအဖချင်း ကွဲနေတာ ကြာလှပြီလေ"

"ဟေ့လူ...အသာနေစမ်း၊ ဒီငနဲကို သေသေချာချာ စစ်မေးစမ်း..."

စပယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...မှန်မှန်ပြော၊ တစ်နေကုန် ဘာထိုင်လုပ်နေကြလဲ"

"စကားပြောကြတာပေါ့ဗျ"

"အဲ...ဟုတ်ပြီ၊ ဘာစကားတွေ ပြောလဲ၊ ချိုက်ကိုက်စ စကားတွေလား"

"ချိန်းတွေ့ပါတယ်ဆို...ချစ်စကား ကြိုက်စကား မပြောရအောင် ဘာဒိုင်ယာလော့ ပြောရမှာတုန်း"

"ကပ်...ကပ်...ကာယကံရှင်ကိုယ်တိုင် ပြောပါစေ၊ အင်တာကပ် မလိုချင်ဘူး"

"အားလုံးငြိမ်...မီးစုံ"

"စကားပြောရုံပဲလား၊ လက်ကလေး ဘာလေးများ မကိုင်ဘူးလား"

"လက်ကိုင်တာတော့ ဟုတ်ပါပြီ၊ ဘာကလေးကိုင် ဆိုတာက ဘာတုန်း၊ ဩော်...နားလည်ပြီ၊ ပါးကလေး၊ ပခုံးကလေးကို ပြောတာနော်..."

"ကိုင်ရုံတင်ပဲလား"

"ခင်ဗျားတို့လို မှတ်လို့လား၊ ကျုပ်တို့က ရိုးရိုးခင်တာပါ၊ မောင်နှမတွေလို ခင်ကြတာပါ"

"ဘဂ်လားမောင်နှမလား"

"အိုင့် ကာစင် ကာစင်နဲ့... တော်ကြာ တကယ့် ကာစက် ဖြစ်နေမနော်"

စပယ်ဦးစာပေ



"ဟော့...ဆရာတွေ၊ တစ်ယောက်တစ်ပေါက်နဲ့ ဒီလူ ဘာပြေရမှန်း မသိ ဖြစ်နေပြီ၊ ကဲ...ကိုယ့်လူ မှန်မှန်ပြော၊ တစ်နေကုန် ဘာတွေပြောနေတာတုန်း"

"ဟိုအကြောင်း... ဒီအကြောင်းတွေ ရိုးရိုးပြောတာ" တဲ့ ခင်ဗျား...။

❁

www.burmeseclassic.com

www.burmeseclassic.com

# ဘာမှ မပေါ်တဲ့ ဖလင်

နောက် ရယ်စရာကစ်ခုကတော့ အာစရိ ဦးပြည့်စုံပေါ့။ သူ့ 'ညတိုက်ပွဲ' (ရုပ်ရှင်စုံ) က တင်ထွေး၊ ခင်ခင်ရီနဲ့ လှမောင်လေးတို့ အခန်း ပဲခူးဘက် သွားရိုက်တုန်းကပေါ့။

အသံတိတ်ခေတ်က ကင်မရာလှည့်စားခန်းတစ်ခန်း ဆင်ရိုက်ဖို့ ကျောက်မီးသွေး မီးရထားစက်ခေါင်း သွားရိုက်တာ။ လော်ကယ်ရထား တစ်စီးက ဝေါနဲ့ ပဲခူး ပြေးဆွဲနေတယ်လေ။

မီးရထားကြီး လာနေတုန်း မင်းသမီးခင်ခင်ရီကို သံလမ်းပေါ် ကြိုးနဲ့ ကုပ်ပြီး ရကောကြိုတ်ခံတဲ့ အခန်း။ မီးရထားကြီး နီးလာတော့မှ မင်းသားတင်ထွေး ရောက်လာပြီး ခင်ခင်ရီကို ဝင်ကယ်၊ လူဆိုး လှမောင်လေးတို့နဲ့ ထိုးကြ ကြိတ်ကြတဲ့ အခန်း ရိုက်တာပေါ့။





မင်းသားကြီး ဦးတင်ထွေးက အသက် (၇၀) ကျော်နေပေမယ့် သန်တုန်း မြန်တုန်း၊ မော်တော်ဆိုင်ကယ် စီးနိုင်သေးတယ်။

လှမောင်လေးနဲ့ သတ်ကြ ပုတ်ကြတာများ တယ်ကြည့်လို့ ကောင်း၊ အဲ...တစ်ခုပဲ ရှိတယ်။ မီးရထားစက်ခေါင်းကို စောင့်ရိုက်တော့ ဒုက္ခတွေ့တော့တာပါပဲ။ ရထားကြီးက နောက်ပြန်ခုတ်ပြီး တွဲတွေ ဆွဲလာတာကိုး...။

ဒါရိုက်တာ ဦးပြည့်စုံကြီး ဒုက္ခလှလှ တွေ့တော့တာပေါ့။

အာစရိကာ ကိစ္စမရှိဘူး။ နောက်မှ Stock Shot ရှာပြီး အနီးကပ် ပုံတွေ ထည့်မယ်ပေါ့။

ရိုက်ကွင်းဖြုတ်ပြီး ရန်ကုန်ပြန်လာကြ၊ ရိုက်ခဲ့တဲ့ ဖလင်လိပ်ကို မဟာဝိဇ္ဇာမိုရ် တစ်ခါတည်း ဝင်အပ်။

နောက်တစ်ရက် နှစ်ရက်နေတော့ ဝိဇ္ဇာမိုရ်က ဖုန်းဆက်ပါ လေရော...၊ ဖလင်တစ်လိပ်က အရုပ်လုံးလုံး မပေါ်ဘူးတဲ့။ တစ်လိပ် လုံးပဲတဲ့။ တော်ပါသေးရဲ့၊ ဒီပြင်တစ်လိပ်ကတော့ အရုပ်တွေ ပေါ်တယ်။

ဒါနဲ့ ဦးပြည့်စုံက မကျေနပ်လို့ သွားပြီး ဝင်မေးကြည့်တော့ တစ်လိပ်က တကယ်ပဲ အရုပ်တွေ လုံးလုံးမပေါ်ဘူး။

"ဆရာကြီး ဘယ်လိုဖြစ်သွားတာလဲ၊ မီးပျက်သွားလို့လား" လို့ မေးတော့...

ဆရာကြီး ဦးညီပုက ဖလင်မှာ အိမ်ရှင်းနဲ့ပါတ်တွေ စာတွေ တောင် မပေါ်လို့ သူ့စက်က ဖြစ်တာ မဟုတ်ဘူး။ ကင်မရာက ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တာလား ဆိုတော့လည်း မဟုတ်ဘူးတဲ့။ ဖလင်လုပ်တဲ့ စက်ရုံက ဆေးသားမစိမ်ဘဲ အလွတ်အပျက်တွေ ထည့်ပို့လိုက်တာတဲ့။

ဒါရိုက်တာ ဦးထွန်းမြင့်ထွန်းလည်း ဒီလိုပဲ၊ ဖလင်တစ်လိပ် ပစ်ရဖူးတယ်တဲ့။

အဲဒါ ဖလင်က နံပါတ်နဲ့ ဂျပန်ပြည်က ဖူဂျီကုမ္ပဏီကို စာရေးအကြောင်းကြားရင် ဖလင်အစားတစ်လိပ် ရမှာပေါ့တဲ့။

ဖလင်တစ်လိပ်တည်းနဲ့ စာရင်းရှုပ်မခံနိုင်တော့ ဦးပြည့်စုံကြီး မှိုင်ကျသွားပါလေရော...။



## ကျော်အေး ရယ်နေပုံ

တစ်ခါက မင်းသားကျော်အေးကို ဒါရိုက်တာဦးအောင်ဇံက ဗိုလ်ချုပ်ဈေးမှာ အောက်ဒိုးတစ်ခန်းရိုက်တယ်။

"ဟော့...ကျော်အေး၊ မင်း ရယ်ပြီး ထွက်လာစမ်း" လို့ ဦးအောင်ဇံက ခိုင်းတော့ မင်းသားကျော်အေးက အထွန့်တက်ပြီး ...

"ဘာကြောင့် ရယ်ရမှာလဲ၊ ထီပေါက်လို့ ရယ်ရမှာလား၊ ရွှေထုပ်ကောက်ရလို့ ရယ်ရမှာလား ဆရာ" တဲ့။

ဒီတော့ ဦးအောင်ဇံက လူတွေ အုံကြည့်နေလို့ ရှင်းနေရတာက တစ်ဖက်မို့ စိတ်မရှည်နိုင်ဘူး ထင်ပါရဲ့။

စပယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေး . . .ဘာကြောင့် ရယ်ရသလဲဆိုရင် မင်းအမေ နောက်လင်ရလို့ဟေ့ . . ." တဲ့။

ကျော်အေးလည်း ဆက်မရှည်ဝံ့တော့ဘဲ ခိုင်းတဲ့အတိုင်း တဟားဟားရယ်ပြီ ထွက်ပြလိုက်ရသဗျား . . .။

❁

## ဇာတ်ညွှန်းကျန်ခဲ့လို့

အသံတိတ် ခေတ်ဦးတုန်းက ရွှေရိုးဦးဘလေးက 'ဝေလွှင်လွှင်' ဇာတ်ကားတစ်ကားကို ပုသိမ်နားက ဟိုင်းကြီးကျွန်းဘက်ဆီ သွားပြီး ရိုက်ကြတယ်။

ဇာတ်လမ်းက လော့တင်နင်စင်ရဲ့ ကဗျာရှည်ကြီးကို ဘာသာပြန် မှီငြမ်းပြီး ရိုက်တာပါ။

သူငယ်ချင်းသုံးယောက် ကြီးလာကြတော့ တစ်ယောက်က ကံထူးသူဖြစ်ပြီး တစ်ယောက်က ကျန်ရစ်ဖြစ်ခဲ့တယ်။ ဒါပေမယ့် သူငယ်ချင်းသုံးယောက်က အခင်မင်မပျက်ကြဘူး။ တစ်နေ့တော့



www.burmeseclassic.com

www.burmeseclassic.com



မင်းသား (ရွှေရိုး ဦးဘလေး) က ပင်လယ်ထွက်ပြီး ငါးဖမ်းရင်း လှေမှောက်သေပါလေရော...

အလောင်းကို ပြန်မတွေ့ပေမယ့် နှစ်အတန်ကြာအထိ လင်သားက ပြန်မလာ၊ ငယ်သူငယ်ချင်း မင်းသားပြိုင် ဦးဘမော် (နတ်တလင်းက စက်သူဌေးသား) က နဂိုချစ်ရင်းစွဲ မုဆိုးမကလေးကို သူပဲ စောင့်ရှောက်ပါရစေလို့ တောင်းဆိုတယ်။ နောက်ဆုံး မုဆိုးမကလေးက မငြင်းသာဘဲ ဘမော်ကို ယူလိုက်ရတယ်။

သူတို့ညားပြီး မကြာခင်မှာပဲ မင်းသားရွှေရိုးက မသေဘဲ ပြန်ရောက်လာတယ်။ ဒါပေမယ့် သူ့သူငယ်ချင်းနဲ့ သူ့မိန်းမဟာ ပျော်ရွှင်စွာ ပေါင်းသင်းနေကြတာကို မြင်ရတော့ သူပဲ အနစ်နာခံပြီး ခြေရာဖျောက်ထွက်ခဲ့တာပါ။

အဲဒီတုန်းက မင်းသမီးက ခင်မေကြီး (ထားထားနွယ်နဲ့ တင်တင်ညိုတို့ အဘွားတော်) ပေါ့။ ဓာတ်ပုံဆရာက ဦးသိန်းမောင် (နောင်သောအခါ 'ကျား'ဓာတ်ကားနဲ့ နာမည်ကျော် ဒါရိုက်တာတစ်ယောက် ဖြစ်လာတယ်။) ဇာတ်ညွှန်းရေးဆရာက ဆရာဟန်။

အားလုံး အသောက်သမားတွေချည်းဆိုတော့ ပင်လယ်အောက်ဒိုးထွက်ကြရင်း သောက်သလား မမေးနဲ့၊ နေ့မှူး ညမှူးပဲ။ ကားရိုက်ပြီးလို့ သင်္ဘောနဲ့ ပြန်လာကြလို့ ရန်ကုန်ရောက်တော့မှ အရေးကြီးတဲ့ ဇာတ်ညွှန်းစာအုပ်ကြီး ရခိုင်ပြည်နယ် အောက်ဒိုးထွက်ခဲ့တဲ့ 'ဌ'မြို့ကလေးမှာ ကျန်ခဲ့မှန်း သိတော့တယ်။

စပယ်ဦးစာပေ



အဲဒီကို တစ်ခေါက်ပြန်သွားပြီး ဇာတ်ညွှန်းစာအုပ်ယူဖို့ရာ လွယ်တာ မဟုတ်တော့ 'ဆရာဟန်' အားကိုးနဲ့ပဲ ဦးရွှေရိုးကြီး ကားဆက်ရတယ်။

တော်သေးတာပေါ့။ အသံတိတ်ကားဆိုတော့ စကားပြောခန်းတွေကို ဆီလျော်အောင် ရေးသွားလို့ ရတာပေါ့။

www.burmeseclassic.com

# ဇာတ်ညွှန်းရေးတဲ့ ဆရာတဲ့ဗျား

တစ်ခါက ဒါရိုက်တာ အောင်မင်းမောင်လှမျိုးက "ဟောဒီမှာ ကြည့်ကြစမ်းပါဦးဗျာ...တို့ ဇာတ်ညွှန်းရေးဆရာတဲ့ဗျား" ဟု ရိုက်ကွင်းတစ်ခုတွင် ဟစ်အော်သံကြားရသည်။

သူပြသော ဇာတ်ညွှန်းကို ယူကြည့်လိုက်တော့ ဟုတ်ပါ့ ခင်ဗျာ...

ဇာတ်ညွှန်းရေးဆရာကြီးတစ်ယောက် ရေးထားသလို ဖိုက်တင်ခန်းတို့၊ ချစ်ကြိုက်ခန်းတို့ကို ဘယ်တော့မှ သေသေချာချာ ရေးမထားဘူး။ ကြည့်ရိုက်လို့ပဲ ရေးတယ်ခင်ဗျ။

စပယ်ဦးစာပေ



ခု...ဇာတ်ညွှန်းရေးဆရာကတော့ ကြည့်လိုက်လို့ မခိုင်းဘူးဗျ။ ဠုန်ဝိန်းပါတဲ့ ဘာဇာတ်ကားထဲက အတိုင်း ထိုးသတ်ခန်း ရိုက်ပါတဲ့။

ဒီတော့ ဒါရိုက်တာက ကော်ဆဲတော့တာပေါ့။

"သူပြောတဲ့ ဇာတ်ကားကို ကျုပ်က သွားကြည့်ပြီးမှ ရိုက်ရမလိုပေါ့"

www.burmeseclassic.com

www.burmeseclassic.com



# အရက်ပြန် ဒါရိုက်တာ

တစ်ခါက ဇာတ်လမ်းရုပ်ရှင်တွင် အာစရိ ဦးပြည့်စုံ ကားဆက်သည်ကို လိုက်ကြည့်ရင်း ထိုဒါရိုက်တာနှင့် တွေ့သည်။ ထိုဒါရိုက်တာသည် ပုအိုက်လွန်းသဖြင့် ကိုယ်တုံးလုံးနှင့် ကားဆက်ခန်း အပြင်ဘက်တွင် အလုပ်များနေသည်ကို တွေ့ရသည်။

သူ့အနားမှာ ပုလင်း ၄–၅ လုံး တွေ့ရလို့ မေးကြည့်တော့ အရက်ပြန်တွေတဲ့။

"များလှချည်လား၊ ဖလင်တိုက်ချွတ်ဖို့လား" ဆိုတော့ သူက ရယ်ကျဲကျဲနဲ့ ပါးစပ်ထဲ လက်မ,ထည့်ကာ "သောက်ဖို့လေ" တဲ့။ သူ့ပရိုဂျူဆာ ကြားသွားမှာစိုးလို့ တိုးတိုးကလေး။


စပယ်ဦးစာပေ



ဖြစ်မှ ဖြစ်ရလေ၊ ထောင်ထဲမှာ အရက်အစား ပေါလစ်ဆီတွေ ရေဖျော်သောက်တာ ကြားဖူးတာ။ ခုမှပဲ အပြင်မှာလည်း အရက်အစား အရက်ပြန်နဲ့ မူးမယ့်သူကို တွေ့နေရလို့ လက်ဖျားခါမိသဗျာ...။

www.burmeseclassic.com

www.burmeseclassic.com




## ရွှေဘ ထမင်းဆိုင်

အနောက်ရွှေဂုံတိုင်ရပ်ကွက်ထဲတွင် မင်းသားရွှေဘ၏ အိမ်ရှိသည့် ဦးဝိစာရလမ်း၊ ခာတ်ဆီဆိုင် အနောက်ဘက်လမ်းကြားထဲတွင် ထမင်းဆိုင်တစ်ဆိုင် လာဖွင့်ရာ 'ရွှေဘ ထမင်းဆိုင်' ဟု လူသိများကျော်ကြားလှ၏။

ကိုရွှေဘတစ်ယောက် ရုပ်ရှင်လောကကို ကျောခိုင်းပြီး ထမင်းဆိုင်ဖွင့်နေသလားဟု ထင်မှတ်ခဲ့ကြ၏။

နောက်မှ သိရသည်မှာ ရွှေဘအိမ်နားက ထမင်းဆိုင်ကို စားသူကားသမားများက ရွှေဘထမင်းဆိုင်ဟု အမည်ပေးခြင်း ဖြစ်သည်။

အောက်ဝင်ဒါမီယာ (ယခု–သံလွင်လမ်း) ကုန်းအတက် ပလက်ဖောင်းပေါ်တွင် မိုးဦးကျပြီဆိုလျှင် မှိုရောင်းသူများဖြင့် စည်ကားလှ၏။





မင်းသားညွန့်ဝင်း၏ အိမ်ရှေ့တွင် မှိုတန်းကြီး ဟည်းနေ၏။ ဖရဲသီးချိန်ဆိုလျှင်လည်း ဖရဲသီးများဖြင့် စည်နေ၏။


ထိုဈေးကလေးကို 'ညွန့်ဝင်းဈေး' ဟု ခေါ်ကြသတဲ့။

(၄၆) လမ်း အလယ်ဘက်တွင် မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ရှိ၏။ ဟင်းချက်ကောင်းသဖြင့် မနက်ဆိုလျှင် မော်တော်ကားများဖြင့် လမ်းတွင် ပြည့်နေတော့သည်။

အကယ်ဒမီ ခိုင်ခင်ဦးသည် ထိုမုန့်ဟင်းခါးဆိုင်အနားတွင်နေ၏။

ထို့ကြောင့် ထိုမုန့်ဟင်းခါးဆိုင်ကို 'ခိုင်ခင်ဦးမုန့်ဟင်းခါးဆိုင်' ဟု အချို့က ဆိုနေကြသည်။

တကယ်တော့ ခိုင်ခင်ဦးနှင့် ဘာမျှ မဆိုင်ပါ။




www.burmeseclassic.com

www.burmeseclassic.com



## ဒါရိုက်တာ ဦးလွန်းဖေကြီး ဒေါပွ

(၈)မိုင် အေဝမ်းရုပ်ရှင်ခြံကြီးတွင် ဒါရိုက်တာ ဦးလွန်းဖေကြီးသည် သူ့ဖာသာသူ တစ်သီးတစ်သန့် နေတတ်သူဖြစ်၏။

အများနှင့် မရောဘဲ အလုပ်မရှိလျှင် သစ်ပင်ရိပ်ကောင်းကောင်းတွင် အိပ်ချင် အိပ်နေတတ်သူဖြစ်၏။ သူသည် စိတ်ဆိုးခဲပြီး စိတ်ဆိုးလျှင်လည်း ပါးကြီးနစ်ဖက် ဖောင်းသည်အထိ ဒေါပွနေတတ်၏။

တစ်နေ့သော် သူ အိပ်ပျော်နေစဉ် အော်သံကြားသဖြင့် ထ၍ကြည့်ရာ ရှေးခေတ်စစ်သား အဝတ်အစားဖြင့် ဓားလွတ်တစ်ချောင်းကိုင်ကာ ဒါရိုက်တာ မောင်တင်ယု၏ ရွှေဥဒေါင်းတောင် မြို့ရိုးဆက်တင်ပေါ်တွင် လျှောက်ပြေးနေသူ ကုလားကလေးကို မြင်ရ၏။

ကုလားကလေးသည် ပါးစပ်ကလည်း ဟစ်အော်နေ၏။





"ဟော့...ဦးလွန်းဖေကြီး၊ ဖင်ခေါင်းမကျယ်နဲ့" တဲ့။

ကုလားကလေးသည် မြန်မာစကား ကောင်းကောင်းတတ်သူမဟုတ်။ ရုပ်ရှင်ဝါသနာပါလွန်းသဖြင့် သူ့အဖေ ကုလားသူဌေးကြီးကနေ့စဉ် ကားဖြင့် ခြံထဲလာပို့ပြီး ရုပ်ရှင်ပညာသင်ခိုင်းနေခြင်းဖြစ်၏။

စိုင်တမော့၊ ရွှံ့ကြီး၊ သာဝဲဂေါင်ကြီး စသော လူရွှင်တော်များက ကုလားကလေးကို စစ်ဝတ်စစ်စားများ ဝတ်ပေးကာ...

"ဟော့...ဦးလွန်းဖေကြီး၊ ဖင်ခေါင်း သိပ်မကျယ်နဲ့ကွ" ဟု အော်ခိုင်းခြင်းဖြစ်၏။ ရုပ်ရှင်ရူး ကုလားကလေးကလည်း ဘုမသိဘမသိနှင့် လူရွှင်တော်များ ခိုင်းသည့်အတိုင်း နေပူကြဲကြဲ မြို့ရိုးဆက်တင်ပေါ်တက်ပြီး အော်နေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



# စတော့မိုးရှင်း အလွယ်ကလေး

မင်းသား ဘရန်ဒိုသည် ဒါရိုက်တာအဖြစ် ရုပ်ရှင်ဇာတ်ကား တစ်ကား ရိုက်ခဲ့ဖူးသည်။ ထိုဇာတ်ကား One Eyed Jack သည် ဒါရိုက်တာ လက်သစ်ရိုက်သဖြင့် ရိုက်စဉ်ကပင် ပေ တစ်သိန်းကျော် နေသည်။ အကြိမ်ကြိမ် တည်းဖြတ်ပြီးသောအခါ၌ပင် ပြချိန် သုံးနာရီခန့်၊ ပေ တစ်သောင်းကျော်နေသည်။

(ထိုခေတ်က အင်္ဂလိပ်ကားများသည် ပေ ခုနစ်ထောင် ရှစ်ထောင်သာ ရှိကြသည်။)

ထိုဇာတ်ကားသည် ရန်ကုန်မြို့၊ အိတ်ဆယ်စီယာရုံတွင် မပြသမီ နမူနာပိုင်း စပြခဲ့သည်။ ထိုကား၏ နမူနာပိုင်းသည်





သူများ နမူနာပိုင်းနှင့်မတူ၊ အလွန်ထူးခြားသည်။ မင်းသား တင်ညွန့်သည် သူ၏ ကားတစ်ကား နမူနာပိုင်းကို ဘရန်ဒို၏ နမူနာပိုင်းအတိုင်း စတော့မိုးရှင်းတွေ ဦးအောင် ထည့်ချင်နေသည်။

ထို့ကြောင့် သူသည် ခြေမြန်လက်မြန်ပင် မဟာဝိဇ္ဇာမိုရ်ဖလင်မှ ဒါရိုက်တာ ဦးညီပုထံ အပြေးသွားကာ ဘရန်ဒို၏ နမူနာကားပိုင်း အတိုင်း အရုပ် ရှင်နေရာမှ သေသွားပြီး သေနေသောအရုပ်မှ ရှင်လာပုံမျိုး လုပ်ပေးနိုင် မပေးနိုင် မေးမြန်းစုံစမ်းသည်။ ထိုအခါ ဦးညီပုက ပြုံးရယ်ကာ...

"အို... ဒါမျိုးက အလွယ်ကလေးပါ၊ ဦးတင်ညွန့်ရဲ့ကား ကူးတဲ့အခါ လုပ်ပေးလိုက်မယ်လေ၊ အထူးကုန်ကျခံနေစရာ မလိုပါဘူး"

ဆရာကြီးဦးညီပုက ပြောပြီး စတော့မိုးရှင်း လုပ်ပေးလိုက်သည်။

မင်းသားတင်ညွန့်သည် ဘရန်ဒို၏ ကားနမူနာအတိုင်း သူ့ကားကို စတော့မိုးရှင်း (Stop Motion) များ လုပ်ထားပုံ သေသပ်သဖြင့် အံ့အားသင့်သွား၏။

"ဆရာကြီး... ဘယ်လို စက်ကိရိယာနဲ့ လုပ်လိုက်တာလဲ၊ ကျွန်တော်တို့ သိပါရစေ" ဟု စတော့မိုးရှင်းပြုလုပ်သော စက်ကိရိယာကို ပြဖို့ ပြောသည်။

"လာ...လာ...ကျုပ် လက်တွေ့ပြမယ်"

ပြီးလျှင် နဂ္ဂတစ်ကို မောင်းခိုင်းပြီး ပေါ့စတစ်နှင့် ကူးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖလင်နှစ်စ မောင်းနေစဉ် ဦးညီပုသည် နဂ္ဂတစ်ကို ရုတ်တရက် လက်နှင့် ဖမ်းဆုပ်ထားပြီး အတန်ကြာမှ ပြန်လွှတ်ပေးလိုက်သည်။

ဆေးကန်မှ ပေါ့စတစ်ထွက်လာသောအခါ ဦးတင်ညွှန့် လိုချင်သော 'စတော့မိုးရှင်း' အရုပ်များ ဖြစ်သွားတော့သည်။

"စတော့မိုးရှင်း (Stop Motion) အရုပ် သေနေရာက ပြန်ရှင်အောင်လဲ ဒီလိုပဲ လုပ်တာပဲ၊ ကျုပ်တို့ဆီမှာ Option Printer မရှိတော့ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ Special Effect တွေ လုပ်ရတာပဲဗျာ..."

❁



# ရှောက်ကျတဲ့ မီးရှို့ခန်း

စိန်ရုပ်ရှင်မှ ဒါရိုက်တာ မျိုးအောင်၊ ဝတ္ထုဝင်းမြင့်၊ ဇာတ်ညွှန်းပြည့်စုံတို့၏ 'ဘယ်ရပ်ဌာနီ' ဇာတ်ကားတွင် ဒုတိယကမ္ဘာစစ်မီးကူးစက်ခန်း တစ်ခန်း ပါရှိသည်။

သမိုင်းရှိ မင်းသား ခင်မောင်ဇင်ပိုင် သန့်စင်စက္ကူဒီယိုကြီးသည် ၄ ဒသမ ၅ ဧကခန့် ကျယ်ပြီး ရေကန်တစ်ကန်လည်း ပါရှိသည်။

ရေကန်၏ ဟိုဘက်ကမ်း သည်ဘက်ကမ်းတွင် တဲအိမ်များဆောက်ထားပြီး ညဘက်တွင် မီးလောင်ခန်းကို ကင်မရာနှစ်လုံးဖြင့် ရိုက်ကူးရန် စီစဉ်ထားသည်။

ဒါရိုက်တာ မျိုးအောင်က မီးရှို့မည့်သူများကို အသေအချာ မှာကြားသည်။

စပယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါက ရှူ့ဆိုတာနဲ့ မင်းက ဟိုဘက်ကမ်းက တဲတွေကို မီးစရှို့ပြီးမှ ဒီဘက်ကမ်းက မင်းက မီးဆက်ရှို့၊ ကြားလား..."

"ဟုတ်ကဲ့ပါ ဆရာ" ဟု တပည့်နှစ်ယောက်လုံးက ပြောပြီး မီးရှို့ရန် ထွက်သွားကြသည်။

Mob Scene ခေါ် လူထုခန်းဖြစ်ရာ အနီးနားမှ ရွာသားများကို စုဝေးခေါ်ထားပြီး မီးလောင်စဉ် အထုပ်အပိုးများဖြင့် အော်ဟစ်ပြေးလွှားကြရမည်ဖြစ်သည်။


ဒါရိုက်တာနှင့် စိန်ရုပ်ရှင်အဖွဲ့သားများသည် ကိုယ့်ဟာနှင့်ကိုယ် မှာထားသည့်အတိုင်း တာစူထားကြသည်။

ဒါရိုက်တာ ဦးမျိုးအောင်က "ရှူ့..." ဟု အော်လိုက်သည်နှင့် တဲများကို မီးရှို့လေသည်။ သို့သော် မှာထားသည့်အတိုင်း ရေကန်တစ်ဖက်မှ တဲများ လောင်ပြီးမှ ဒီဘက်ကမ်းမှ မီးရှို့ဖို့ရာ "ရှူ့..."ဟု အော်လိုက်သည်နှင့် မှာသလိုမဖြစ်၊ ပြိုင်တူရှို့ရာ မီးတောက်ကြီးသည် ကြောက်ခမန်းလိလိ တောက်လောင်တော့၏။ ဒါရိုက်တာလည်း မတတ်နိုင်ပြီ။ ကင်မရာနှစ်လုံးစလုံး "ရိုက်...ရိုက်..." ဟု အော်ဟစ်စေခိုင်းနေပြီး တာဝန်ကျ အဖွဲ့သားများကလည်း "ပြေးကြဟေ့... ပြေးကြ" ဟု ရွာသားများကို ခိုင်းရလေ၏။

တပျော်တပါးကြီး ပြေးကြလွှားကြနှင့် လဲသူလဲ၊ ကွဲသူကွဲ၊ ပြဲသူပြဲ၊ တချို့က ဒါကိုပင် ပွဲကျကာ ရယ်မောနေသဖြင့် မရယ်ဖို့








အော်ရ၊ "မီးပေါ်ကြည့်ကြ၊ လေယာဉ်ပျံတွေ လာနေတယ်" ဟု သတိပေးသူက ပေးရ။

မီးများ ပြန်ငြိမ်းသွားမှ ကာ ရိုက်ရပ်သည်။ တစ်ဆက်တည်းမှာပင် သက်ဆိုင်ရာမှ မီးလောင်သည်ဟု ထင်ကာ ပြေးလာကြသဖြင့် ဒါရိုက်တာနှင့် ရှုတင်မန်နေဂျာတို့က မနည်း ဖြေရှင်းနေရချေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## တယ် ဘိုဆန်ပါလား

မြန်မာ့ရုပ်ရှင် (၂၅) နှစ်မြောက်၊ ငွေရတုပွဲတော်ကို ရွှေတိဂုံဘုရား အနောက်ဘက်မုခ် ကွက်လပ်ကြီးတွင် ကျင်းပရာ မြန်မာ့ရုပ်ရှင်ကုမ္ပဏီ အသီးသီးတို့က ပြခန်းများ၊ ကြည့်ချင်ပွဲများ တာဝန်ယူကြရသည်။

ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီက သွင်ရုံကြီး၏ ပုံစံအတိုင်း မကွက်ဆောက်ထားပြီး အေဝမ်းဖလင်၊ လန်ဒန်အတ်၊ ပဲရော့၊ နယူး ဘားမား ရုပ်ရှင်ကုမ္ပဏီတို့ကလည်း အပြိုင်အဆိုင် မကွက်ထိုးပြသည်။ ပဲရော့ရုပ်ရှင်က တစ်မူထူးပြီး မြန်မာ့ရိုးရာလက်ဇာ့ပွဲကို ရုံသွင်းပြရာ ဗိုလ်ချုပ်အောင်ဆန်းပင် ဝင်ရောက်ကြည့်ရှုသွားခဲ့သည်။

တောနယ်မှ လူတစ်ယောက်သည် ရုပ်ရှင်ကုမ္ပဏီပြခန်းများကို လိုက်လံပြသပြီး မြို့ခံမကွက်များကိုပြကာ ဒါက ဗြိတိသျှဘားမား၊





သူ့နားက လန်ဒန်အတ် စသည်ဖြင့် အဘိုးကြီးတစ်ယောက်ကို ပြောပြနေသည်။ ပဲရော့မှ စီစဉ်တင်ဆက်သော မြန်မာ့ရိုးရာ လက်ဇာ့ပွဲများကို ရောက်လျှင် မြို့ခံလူရွယ်က...

"ဒါကတော့ ပဲရော့ရုပ်ရှင်ကုမ္ပဏီက ဦးဆန်နီ စီစဉ်တဲ့ မြန်မာ့ရိုးရာ လက်ဇာ့ထိုးသတ်ပွဲကြီးပေါ့"

ထိုအခါ အဘိုးကြီးက ပြောလိုက်သည်မှာ...

"မင်းတို့ဟာက တယ်...ဘိုဆန်ပါလား၊ အားလုံး အင်္ဂလိပ်နာမည်ကြီးပဲ၊ ဒီကုမ္ပဏီကျတော့ ပိုတောင်ဆိုးသေး၊ ဘာတဲ့ ကုမ္ပဏီက ပဲရော့၊ ပိုင်ရှင် လူကြီးနာမည်က ဦးဆန်နီတဲ့လား၊ ကောင်းပါ့ကွာ" ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



# အိုင်ဒူးလိုက်ဒစ္စ

ဖဆပလ ခေတ်၌ နိုင်ငံရပ်ခြားကို မစ်ရှင်အမျိုးမျိုး ပညာတော်သင်အမျိုးမျိုး စေလွှတ်ခဲ့တာ သိကြတဲ့အတိုင်းပဲ။

တစ်ခါတော့ နိုင်ငံခြားတိုင်းပြည်တစ်ပြည်ကို မစ်ရှင်တစ်ခါ လွှတ်လိုက်ရာမှာ အဖွဲ့ဝင်တစ်ယောက်ကြောင့် အရှက်ရခဲ့ဖူးသတဲ့။

ဖြစ်ပုံက ဒီလိုပါ။ အဲဒီက နိုင်ငံခြားသွား ချစ်ကြည်ရေးအဖွဲ့ဟာ နိုင်ငံတစ်နိုင်ငံကို ဖိတ်ကြားချက်အရ ရောက်သွားကြတယ်။

ထုံးစံအတိုင်း လေဆိပ်မှာ အဲဒီနိုင်ငံက အစိုးရအရာရှိတွေက ကြိုဆိုကြတာပေါ့။ ကြိုဆိုကြသူများက အိမ်ရှင်ပီပီ ဖော်ဖော်ရွေရွေ ဆီးကြိုနှုတ်ဆက်ကြပါတယ်။

စပယ်ဦးစာပေ



ဒီက ပါသွားတဲ့ အဖွဲ့သားတစ်ယောက်ကို ကြိုဆိုသူက ထုံးစံအတိုင်း နှုတ်ဆက်သယ်။ "ဟောင်းဒူးယူဒူး" ပေါ့။ အဓိပ္ပာယ်ကတော့ "နေကောင်းပါရဲ့နော်" ပါ။ အဲဒါကို ကိုယ်တော်မြတ်က သူ့ကို ခုလိုကျန်းမာအောင် ဘယ်လိုများ လေ့ကျင့်ခန်းလုပ်ပါသလဲလို့ မေးတာကို အရမ်းဘာသာပြန်လိုက်တော့ အားလုံး ငိုအားထက် ရယ်အားသန်ခဲ့ရတယ်။ ကိုယ့်လူက ဘယ်လိုဖြေလိုက်သလဲဆို...

"အိုး...အိုင်ဒူးလိုက်ဒစ္စ" ဆိုပြီးတော့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း လုပ်ပြလိုက်သတဲ့ဗျို့...။

www.burmeseclassic.com

www.burmeseclassic.com



## ဟိတက်ဒစ္စကပ်ရှင်

တစ်ခေတ်က ငြိမ်းချမ်းရေးအဖွဲ့တွေ ဆိုရှယ်လစ်နိုင်ငံ အတော်များများ ကို အုပ်စုလိုက် သွားကြတာ မှတ်မိကြမှာပေါ့။

တစ်ခါတော့ ပါမောက္ခကြီးတွေ၊ စာရေးဆရာတွေ၊ နိုင်ငံရေးသမားကြီးတွေပါတဲ့ ငြိမ်းချမ်းရေးအဖွဲ့တစ်ဖွဲ့ မော်စကိုရောက်သွားကြတယ်။

ဆွေးနွေးပွဲတွေ၊ ပြတိုက်တွေ၊ ဧည့်ခံပွဲတွေအမျိုးမျိုး တက်ရောက်ကြရပြီး တစ်နေရာပြီး တစ်နေရာ ခရီးမနားတမ်းသွား၊ ရှုရားတွေပြတာ အားလုံး လိုက်ကြည့်ကြနဲ့ ဘုတားကြီးတွေ အတော်မောနေကြပြီ။ ကြာတော့ ဟန်မဆောင်နိုင်ကြတော့ဘူး ထင်ပါ့။

ဘူတားကြီးနှစ်ယောက် လေ့ကားထစ်မှာ ဆောင့်ကြောင့်ထိုင်ချရင်း ကျယ်လောင်ကျယ်လောင်နှင့် မြန်မာလိုနှက်နေကြတာကိုး...





ငယ်ပေါင်းတွေဆိုတော့ ဘူတားကြီးနှစ်ယောက်ဟာ ငြင်းခုံနေကြရာက တိုင်းထွာဆဲဆို ဒူးပေါ် ပေါင်ပေါ် ပုဆိုးတွေ မ,ပြီး မိန့်မကောင်းရန်တွေ့စကား ပြောနေလိုက်ကြတာ နားကို ညည်းရော...။

ဒီအဘိုးကြီးနှစ်ယောက် ခရီးတစ်လျှောက်လုံး ဒီလိုပဲ တစ်ယောက်နဲ့ တစ်ယောက် ငြင်းကြ၊ ကိုယ့်ရှိတဲ့ဥစ္စာကို ကြော်ငြာထုတ်ကြနဲ့၊ ဒေါနဲ့ မောနဲ့ သတ်ပုတ်ကြတော့မယ့်အတိုင်းပဲ။ အဖွဲ့ဝင်တွေကတော့ ရိုးနေကြပြီ။ အဘိုးကြီးနှစ်ယောက်ကို ကြည့်ပြီး ပြုံးသွားကြတယ်။

ဒါပေမယ့် အတူပါလာတဲ့ ရုရှားစကားပြန်ကတော့ မြန်မာလိုလည်း မတတ်တော့ သူ သိပ်သိချင်နေတယ်။ ဒီတော့ သူ့အနားက အဖွဲ့ဝင်တစ်ယောက်ကို စကားပြန်က မေးတာပေါ့။

သူတို့နှစ်ယောက် ဘာပြောနေကြတာလဲပေါ့။ အမေးခံရသူက ဘယ်လို ပြန်ဖြေလိုက်သလဲဆိုတော့...


"သေအာ...ဟိတက်ဒစ္စကပ်"

အဓိပ္ပာယ်ကတော့ "သူတို့ အပြင်းအထန် ဆွေးနွေးနေကြတာပါ"

ဒီတော့မှ စကားပြန်က ခေါင်းတညိတ်ညိတ်နဲ့ သူတို့ ဆွေးနွေးတာကလည်း တစ်ယောက်နဲ့တစ်ယောက် ထ,သတ်တော့မယ့်အတိုင်းပါကလားလို့ ထင်သွားတာပေါ့။ ဟုတ်တယ်လေ...အမှန်အတိုင်း အဘိုးကြီးနှစ်ယောက် မကြီးမငယ်နဲ့၊ ရန်ဖြစ်နေကြတာလို့ ဖြေလို့ ဘယ်ကောင်းမှာလဲ။ မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



# ဆာပေါ်ထွန်း ပုန်းနေရ

အင်္ဂလိပ်အစိုးရလက်ထက်မှာ ဝန်ကြီးချုပ် (နောင် 'ဝန်ကြီး' လို့ ခေါ်တဲ့) ရာထူးကို နိုင်ငံရေး သမား အတော်များများက လိုချင်ကြတယ်။ လခ,ကလည်း ကောင်းသဗျ။ တစ်လ ငါးထောင်ကြီးတောင် ကို ...။

နိုင်ငံရေးသမားတွေဟာ ရွေးကောက်ပွဲမှာ မဲဆွယ်တရားဟော ကြတော့ ဆာပေါ်ထွန်းကြီးက ဘယ်လို ကတိပေး ဟောသလဲဆိုတော့ သူသာ ဝန်ကြီး ချုပ်ဖြစ်ခဲ့ရင် ပထမဆုံး ရတဲ့ လစာကို ရဟန်းသံဃာ တော်များကို လှူပါမယ်လို့ ဟောခဲ့တယ်။

စပယ်ဦး စာပေ



ဆာပေါ်ထွန်းကြီးဟာ ငါးထောင်စား ဝန်ကြီးချုပ်အဖြစ် ခန့်ချင်း ခံရရော...ဘုန်းကြီးတွေ ဆာပေါ်ထွန်းရဲ့အိမ် သွားပြီး ကတိအတိုင်း ပထမတစ်လစာကို အလှူခံပါလေရော...။

ဆာပေါ်ထွန်းကြီးက သူ့ကတိအတိုင်း မလှူချင်လို့ ပုန်းရှောင် နေရသတဲ့။ နောက်တော့ ပုန်းနေရာက ခွဲကောင်းကောင်းနဲ့ ထိုင် စောင့်နေကြတဲ့ သံဃာတော်တွေကို ကျေနပ်အောင် ပြောဆို ကန်တော့ ဆွမ်းလိုက်ရဆိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



## များတဲ့အခါလည်း များပေမပေါ့

တစ်ချိန်တုန်းက တစ်ရံရောအခါက ဆိုပါတော့...၊ ရန်ကုန်ဆေးရုံကြီးဟာ ဆေးရုံနဲ့လူနာ မမျှအောင်ကို များတာ။ ခုတင် မလုံလောက်လို့ ကြမ်းပြင်ပေါ်မှာတောင် ဖြစ်သလို ထားခဲ့ရတာ သိကြတဲ့အတိုင်းပါပဲ။

(စစ်ကြီးပြီးစ အချိန်တုန်းကဆိုရင် ဒါ့ထက်တောင် ပိုဆိုးသေး။ ဖောက်သည်တွေ မသွားကြလို့ ဆေးရုံကြီးမှာ ခုတင်ဆိုလို့ ခြေလေးချောင်းနဲ့လားလို့ မေးယူရမတတ်။ ထင်းရှူးပြားကလေးတွေ ရရာက ဆွဲလာပြီး ခင်းအိပ်ခဲ့ရတာနဲ့စာရင် တော်သေးတာပေါ့။)

ခုတော့ ရန်ကုန်ဆေးရုံကြီးဟာ သန့်သန့်ပြန့်ပြန့်နဲ့ စည်းကမ်းတကျ ဆေးရုံနဲ့တူလာပါပြီ။ တခြားမြို့နယ်တွေမှာလည်း ဆေးရုံတွေ





အများအပြားဖွင့်လို့၊ အပြင်ပုဂ္ဂလိကပိုင် ဆေးခန်းတွေလည်း အပြိုင်အဆိုင် ဖွင့်လာကြတော့ ငွေရှိဖို့ပဲ လိုတယ် မဟုတ်လား။

ခုရေးချင်တာက ရှေးသရောအခါက ရယ်စရာကလေးတွေပါ။

တစ်ချိန်တုန်းက ဆေးရုံတွေမှာ လူနာနဲ့ ဆရာ၊ ဆရာမ မမျှအောင်ကို ပြွတ်သိပ်နေတော့ လူနာချင်းများပြီး ခွဲစိတ်မလို့လုပ်တာ၊ ဆေးမှားတိုက်တာတွေ ရှိဆိုပဲ။

**သူနာပြု။** ။“အဘ ရိတ်လုပ်ရမယ်”

**လူနာ။** ။“ဟော့...ဘာကွ၊ ငါ့ကို ရိတ်မလို့၊ ဟာ...ရှက်စရာကြီး၊ အဘက အသက်ကြီးပါပြီကွယ်၊ ရိတ်ချင်းရိတ် ရှယ်တူတန်းတူရှာ ရိတ်ပါကွယ်"

**သူနာပြု။** ။“အဘကလဲ...တောက်တီးတောက်တဲ့၊ အဘကို အမွေးအမျှင်တွေ ရိတ်ဖို့ ပြောတာရှင့်...”

**လူနာ။** ။“မလိုပါဘူးကွယ်...အဘကိုယ်တိုင် စောစောကပဲ မျက်နှာသစ်ပြီးတာနဲ့ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးက အစ အားလုံးရိတ်ပြီးပါပြီ သူငယ်မရယ်...”

**သူနာပြု။** ။“အဲဒီအမွေးတွေကို ပြောတာမဟုတ်ဘူးရှင့်...”

**လူနာ။** ။“သြော်...ချိုင်းမွေးရိတ်မလို့လား၊ နေပါစေကွယ်၊ အဘက ယားတတ်လို့ မရိတ်ပါရစေနဲ့”



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမလေးက ခေါင်းကုတ်လိုက်ပြီး "ခက်တော့တာပဲ၊ ဒီအမွေးပြောနေတာ မဟုတ်ဘူးရှင့်၊ ဟိုဥစ္စာ...ဟိုဒင်းလေ...အောက်က အမွေးတွေကို ပြောတာ"

လူနာအဘိုးကြီးက အဲဒီတော့မှ သဘောပေါက်သွားတယ် ထင်ပါ။

**သူနာပြု။** ။"ဟဲ...ဟဲ...ဟဲ...အဘက ရှက်တတ်တယ်ကွယ်၊ အိမ်မှာ ရေချိုးရင်တောင် တံခါးကို လုံအောင်ပိတ်ချိုးတာ သူငယ်မရဲ့"

**လူနာ။** ။"ရပါတယ်ရှင်... ဘယ်သူမှ မမြင်စေရပါဘူး၊ လုံအောင် လိုက်ကာနဲ့ ကာထားပေးမှာပါ"

ပြောပြောဆိုဆို လိုက်ကာသွားယူလာပြီး ကာရံလိုက်ပြီးနောက် အဘိုးကြီးကို မွေးရာပါ အမွေးများကို ရိတ်ပေးလိုက်သည်။ အဘိုးကြီးကတော့ ရှက်လွန်းလို့ ထင်ပါ၊ မျက်စိစုံမှိတ်ထားသဗျား...။

**သူနာပြု။** ။"ကဲ...ရိတ်လို့ပြီးပြီ၊ လာ...သွားကြစို့၊ ဆရာဝန်စောင့်နေတယ်၊ တော်ကြာ အဆူခံနေရဦးမယ်"

သူနာပြုဆရာမက အဘိုးကြီးကို ခွဲစိတ်ခန်းတွင်းသို့ ခေါ်ဆောင်သွားပြီး အသင့်စောင့်နေသော ခွဲစိတ်ဆရာဝန်ထံ လူနာကို အပ်လိုက်သည်။

ခွဲစိတ်ဆရာဝန်က ခွဲစိတ်မည့် ခုတင်ပေါ်သို့ တက်ခိုင်းလိုက်ပြီ...





**ဆရာဝန်။** ။"အဘ...ဘာမှ မကြောက်နဲ့နော်...မေ့ဆေးပေးပြီ ခွဲစိတ်မှာပါ၊ အဘ ဘာမှ သိတော့မှာ မဟုတ်ဘူး"

လူနာအဘိုးကြီးက ကျော့ချမှ သိသွားပုံဖြင့် လူလဲထထိုင်ပြီ ထိတ်ထိတ်ပျာပျာနှင့် ပြောလိုက်ပုံက...

"ဆရာ...ဆရာ...ကျုပ်က ဘာမှဖြစ်တာ မဟုတ်ဘူး၊ ချွဲကျပ်ကျပ်နေလို့ ဆေးရုံလာတက်တဲ့ လူနာပါ"

**ဆရာဝန်။** ။"ဟင်...အဘက ဟားနီးယား (ဂွေးဥရောင်) ဖြစ်လို့ ခွဲမယ့်လူနာ မဟုတ်ဘူးလား"

**လူနာ။** ။"မဟုတ်ပါဘူး မောင်ရင်ရယ်... ဟိုဘက်ခုတင်က အဘိုးကြီးနဲ့ လူမှားတာ ဖြစ်မှာပေါ့"

ဆရာဝန်က သူ့နဖူး သူ လက်ဝါးနှင့်ရိုက်ပြီး...
"အိုး...မိုင်ဂေါ့..."
(ဘုရားရေ...)

www.burmeseclassic.com

www.burmeseclassic.com



## မွေးမွေးပေးတာ အပြစ်လား

ကာယကံရှင်တွေဟာ ခုထိ သက်ရှိထင်ရှားရှိသူက ရှိနေကြလို့ နာမည်တွေ ဖော်ရေးမနေတော့ပါဘူး။

တစ်နေ့...ဗြိတိသျှဘားမားရုပ်ရှင်ကို မင်းသမီးသစ် ဖြောင့်ဖြောင့်တောင့်တောင့် ကုလားဆင်မလေးတစ်ယောက် ရောက်လာတယ်။

ဒီတုန်းက အသံထွက်ကားတွေ ပြန်ပြီးရိုက်ချိန်ဆိုတော့ အဆိုလည်းကောင်း၊ ရုပ်လည်း ချောတဲ့ အဲဒီမင်းသမီးသစ်ကလေးဟာ နေ့ချင်း ညချင်း နာမည်ကျော်မင်းသမီး ဖြစ်သွားတာပေါ့။





ရွှေမင်းသမီးက အပျိုလည်း ဖြစ်၊ ရုပ်ချောသလောက် မာနကခပ်ကြီးကြီး၊ ဘယ်သူနဲ့မှ မရောဘူး။ သူ့အခန်းပြီးတာနဲ့ သူ့အတွက်ပေးထားတဲ့ အခန်း (မိတ်ကပ်လူးခန်း) ကို ပြန်သွားပြီး နားတာပဲ။

သူနဲ့ တွဲတဲ့ မင်းသားကဆို ရွှေမင်းသမီးကို တစ်ဖက်သတ်ချစ်ပြီး ကြိတ်ပိုးနေတယ်လေ။

တစ်နေ့တော့ ဘေးလူတွေက မြှောက်ပေးလို့ မင်းသားကချစ်ခန်းကြိုက်ခန်းရိုက်ရင်းက ဘာရိတ်မအုပ်နိုင်ဘဲ တကယ်မွှေးမွှေးပေးပစ်လိုက်တယ်လေ။

ဒီတင် မင်းသမီးက ဒေါပွပြီး သူဌေးဦးညွန့်ကို တက်တိုင်မယ်ပေါ့။ ဒါမှမဟုတ် ကာယိန္ဒြေဖျက်မှုနဲ့ တရားစွဲမယ်ပေါ့။

သူ့ကို တမင်သက်သက် လုပ်တာမှန်း သိတော့ တော်တော့်ကိုစိတ်ဆိုးနေတယ်။ သူဌေးရဲ့ရုံးခန်းသွားတော့လည်း ဦးညွန့်က မရှိဘူး။ အိမ်ပြန်ပြီး ထမင်းစားနေတယ်။ ရုံးခန်းထဲမှာ သူ့သား ဦးချန်ထွန်းထိုင်နေလေရဲ့။

ဦးချန်ထွန်းက မသိချင်ယောင်ဆောင်ပြီး ကိစ္စကို မေးတော့မင်းသမီးက သူ့ကို မင်းသားက တမင်စော်ကားလွှတ်လိုက်လို့ မခံနိုင်ဘူး။ ရုံးတက် တရားစွဲသင့်စွဲရမယ်လို့ ဓားကြိမ်းကြိမ်းနေပါလေရော။

ဒီတော့ ဦးချန်ထွန်းက ဖျောင်းဖျရတယ်။

"ဒေါ်သရေ့ထား မှားပါလိမ့်မယ်၊ ခုကိစ္စက ကျော်မကောင်းကြားမကောင်းဖြစ်ကုန်မှဖြင့် ဒုက္ခ၊ တူမကြီးက မခံချင်လို့ တရားစွဲချင်ပေမယ့် အမှုက သိပ်မခိုင်လုံဘူး၊ တစ်ဖက်က ရုပ်ရှင်ရိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ ခြေလွန်လက်လွန် ဖြစ်သွားတာပါလို့ ဆင်ခြေလဲလို့ ဖြစ်တယ်၊ ရုံးတော်က အမှုကို လက်ခံချင်မှ ခံမှာ၊ ဒီတော့ ငါ့တူမကြီး အရင်ဆုံး ရှေ့နေတစ်ယောက်နဲ့ တိုင်ပင်ကြည့်ပါဦး"

မင်းသမီးက တွေသွားပြီး မျက်နှာသေကလေးနဲ့ . . .

"ကျွန်မမှာ အသိမိတ်ဆွေလဲ မရှိပါဘူး၊ ဘယ်ရှေ့နေဆီ သွားရရင် ကောင်းမလဲ ဦးလေးရယ်" လို့ အကူအညီတောင်းရှာတယ်။

ဒီတင် ဦးချန်ထွန်းက သူ ဆင်ထားတဲ့အကွက်ထဲ ရောက်လာပြီ ဆိုပြီ ဝမ်းသာအားရနဲ့ . . .

"ဒီလိုဆို ဘာမှမပူနဲ့၊ ဦးလေးမှာ မိတ်ဆွေရှေ့နေတစ်ယောက် ရှိတယ်၊ ခုပဲ ခေါ်ခိုင်းလိုက်ပါ့မယ်" ဆိုပြီး တပည့်တစ်ယောက်ကို ခေါ် စာရေးလွှတ်လိုက်တယ်။

သိပ်မကြာခင်မှာပဲ ရှေ့နေဆိုတာ ရောက်လာတယ်။

"လာဗျို့ . . . ကိုထွန်းတင်၊ ဟောဒီမှာ ကိုယ့်လူကို အမှုအပ် ချင်လို့တဲ့၊ သူက ကျုပ်တို့ဆီက မင်းသမီးသစ်လေ"

ရှေ့နေဦးထွန်းတင်က မင်းသမီးကို ပြုံး နှုတ်ဆက်လိုက်ပြီး . . .

"ဆိုစမ်းပါဦး၊ ဘယ်လိုက ဘယ်လိုဖြစ်ကြတာတုန်း" လို့ မေ လိုက်တယ်။

မင်းသမီးလည်း ဒေါ်နဲ့မောနဲ့ သူ ခံလိုက်ရပုံကို အတိုချုံး ပြောပြလိုက်တယ်။

"အင် . . . ခုကိစ္စက ပုဒ်မ (၃၇၆) အရ မိန်းကလေးတစ်ယောက် ရဲ့ ကာယိန္ဒြေပျက်စေမှု မမြောက်ဘူး၊ ရုပ်ရှင်ရိုက်ရင်းက မတော်တဆ





ခြေလွန်လက်လွန်ဖြစ်သွားတာပါလို့ ထုချေလို့ ရတယ်၊ ကာယကံရှင် တူမကြီးမှာသာ တစ်ရှက်က နှစ်ရှက်ဖြစ်ရမယ်၊ အကောင်းဆုံးနည်းလမ်း ကတော့ အမှုကို အပြင်မှာ ကျေအေးကြတာ ကောင်းလိမ့်မယ်၊ မင်းသားကို တောင်းပန်ခိုင်းမယ်၊ ဆောရီးလို့ တောင်းပန်ရုံနဲ့ မကျေနပ်ဘူးဆိုရင်လဲ နစ်နာကြေးတောင်းကြတာပေါ့"

ရှေ့နေကြီးက သို့ကလို အကြံပေးလိုက်သောအခါ မင်းသမီးက ဒေါသူပုန်ထကာ . . .

"လျော်ကြေးလဲ မလိုချင်ဘူး၊ ဒီကောင့်မျက်နှာလဲ တပ်မကြည့် ချင်ဘူး၊ လာ . . . ဒေါ်ဒေါ်" ဆိုပြီး သူ့အဖော် မိန်းမကြီးကိုခေါ်ကာ ဆောင့်ကြီးအောင့်ကြီးနဲ့ ထွက်သွားသတဲ့။

နောက်တစ်လ နှစ်လလောက် ကြာတဲ့အခါ အဲဒီမင်းသမီး ကလေးဟာ ကျောချမှ ဓားပြမှန်းသိ ဆိုသလို သူ့ကို ပူးပေါင်းလုပ်ကြံ လိုက်ကြမှန်း သိရှိရိပ်မိသွားပါယ်။

သူရိုက်နေတဲ့ ရှုတင်တစ်ခုမှာ တရားခံဝက်ခြံကလေးထဲမှာ လက်ထိပ်တန်းလန်းနဲ့ တရားခံအဖြစ် ပါဝင်သရုပ်ဆောင်နေတဲ့ လူ တစ်ယောက်ကို မြင်ဖူးပါတယ်လို့ သေသေချာချာ စေ့စေ့စပ်စပ် ကြည့်လိုက်တော့မှ . . . လား . . . လား . . .။

"ရှင် . . . ရှင် . . . ဦးထွန်းတင် မဟုတ်လား၊ တစ်ခါတုန်းက . . ."

ဦးထွန်းတင် ခေါ် ဦးနေဒွန်းကြီးက ပြုံးစိစိနှင့် ခေါင်းညိတ် လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ခင်ဗျာ... အရင်တုန်းကတော့ ရှေ့နေခန်းကပေါ့၊ ဒီနေ့တော့ တရားခံအခန်းကလေ၊ နောက်တ ်နေ့ဆိုရင် သူဌေးကြီးအခန်းက ပါချင်ပါနေရမှာ...ဟဲ...ဟဲ..."

မင်းသမီးခမျာ ငိုရခက် ရယ်ရခက်နဲ့ နောက်ဆုံးကျမှ လက်ခုပ်လက်ဝါးတီးပြီး ဟားတိုက်ရယ်မိတော့တယ်။

လုပ်သက်ကလည်း ရလာ၊ အတွေ့အကြုံကလည်း များလာဆိုတော့ ဒီလိုပဲ... ရုပ်ရှင်လောကမှာ လောကသားအချင်းချင်း နောက်ကြ၊ ပြောင်ကြ၊ စ,ကြ၊ သားပြော မယားပြော ပြောကြ၊ ဆဲမနာ ဆိုမနာ ဒူးတင်ပေါင်တင် ရုပ်ရှင်မောင်နှမတွေ နေကြ ထိုင်ကြတာမို့ ဗွေယူနေလို့ မရဘူးလေ။ (ဗွေက ထိပ်ကပ်နေတာကိုး...)





## ဘယ်သူတွေ ပြောသလဲဟေ့...

ရုပ်ရှင်ရိုက်ကွင်းတွေမှာ ရှုတင်မစ,မချင်း ရုပ်ရှင်သမားတွေဟာ ပျင်းတိပျင်းတွဲနဲ့ နေရလေ့ရှိတယ်။

ဟိုလူစောင့် ဒီလူစောင့်နဲ့ ဒီအထဲ မိုးရွာချလို့ မိုးတိတ်အောင် စောင့်ရတာ ပါသေး...။

ဒါရိုက်တာကြီး ဦးတင်မောင်တို့များဆို သူ့ရှုတင်ဟာ ပဲကြီးတစ်လှေချက် ကြာအောင်ကို စောင့်ရတာကလား...

အစ်ကိုကြီး ဦးတင်နွယ်က အပြီးအစီး ဇာတ်ညွှန်းကို ရေးပေးလိုက်ပေမယ့် သူက စိတ်တိုင်းကျ ကတ်တွေ ပြန်ခွဲ ပြန်ကြည့် ပြန်ဖြုတ်နဲ့ လုပ်နေလို့ မနက်စာ ထမင်းစားသောက်ပြီးလို့ ထမင်းလုံး

www.burmeseclassic.com



စီရင် တရေးတမော အိပ်လိုက်ရသေးတယ်။ သူ့ရှုတင် မစ,နိုင်သေးဘူး။

အဲ...မှတ်မှတ်ရရ ရှုတင်စချိန် မြန်ခဲ့တဲ့ ကားတစ်ကားတော့ ရှိသေးတယ်။

တကယ်တော့ မြန်မာရုပ်ရှင်ကား စရိုက်ချိန်က ဝမ်းတစ်ချက်ပါပဲ။

အားလုံး... ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်း၊ ဒါကြောင့် ရှုတင်စောင့်ရင်း ဖဲရိုက်သူရိုက်၊ ခြင်းခတ်သူခတ်၊ လက်ဖက်စုစားရင်း အတင်းစု ပြောသူပြောနဲ့ အချိန်ကို ကုန်စေရတယ်လေ။

တစ်ခါက ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုဆီကို မင်းသမီးအသစ်ကလေးတစ်ယောက် ရောက်လာပါလေရော။

ဖရက်ရှာအသစ်ကလေးဆိုတော့ ထုံးစံအတိုင်း သူကလေးကို ဝိုင်းကြည့်ကြပြီး တိုးတိုး တိုးတိုးနဲ့ သဖန်းပိုးလုပ်နေကြတာပေါ့။

အဖေခန်းက အမြဲပါလေ့ရှိတဲ့ ယောင်ကြီးဖွဲ့နဲ့ အဘိုးကြီးကဆိုပိုတောင်မှ ကဲသေး...။

နောက်ရောက်လာတဲ့ မင်းသမီးအသစ်ကိုလည်း ဘယ်ချမ်းသာပေးမလဲ။

အတင်းလည်ပြောတာပေါ့။

"ဟော့...မင်းတို့ သေသေချာချာ ကြည့်ကြစမ်းဟော့...ကောင်မလေးက သနားစရာကွယ်...ကင်ဆာဖြစ်လို့တဲ့၊ ရင်သားတစ်ဖက်မရှိရှာပါဘူးတဲ့ကွာ၊ အဲဒါ မင်းတို့ သိကြရဲ့လား" တဲ့။





ဒီအကြောင်း တစ်ယောက်နား တစ်ယောက် ကြားပြီး ရှုတင်တစ်ခုလုံး ကုန်ပါလေရော...။ အားလုံးက မင်းသမီးသစ်ကလေးကို ကြည့်ကြည့်ပြီး ပြုံးစိစိ လုပ်လုပ်နေကြတယ်။ ဒီတင် မင်းသမီးကလေးလည်း ငါ့ကို ဘာလို့ လူတွေကြည့်ကြည့်ပြီး ပြုံးကြပါလိမ့်ပေါ့။

နောက်တော့ ဘယ်သကောင့်သားက မျက်နှာလို မျက်နှာရသွားပြီး သံတော်ဦးတင်လိုက်သလဲ မသိဘူး။ သူ့ကို အားလုံး ပြုံးရယ်ကြည့်နေကြတာ ဘာကြောင့်ဆိုတာလည်း သိသွားရော...ဒေါကန်တော့တာပဲ။

နေရာကနေ ခုန်ပေါက်ပြီး အသံကုန်ဟစ်အော်ကာ...

"ဟဲ့...ဘယ်ကောင်ပြောသလဲ၊ ငါ့မှာ အင်္ဂါမစုံဘူးလို့၊ ဟောဒီမှာ ကြည့်ကြ၊ ငါ့မှာ အစုံရှိသဟေ့..."ဆိုပြီး သူ့ရင်ဘတ်ကြီးကို ဇာဘော်လီကြယ်သီးဖြုတ်ပြီး လှစ်ပြတော့ ဒီပြင်လူတွေကတော့ ကိုကို မကြည့်ဝံ့ပေါ့။ စိပ်ပုတီးနဲ့ အဘိုးကြီးကတော့ ပြုံးဖြဲဖြဲလုပ်ပြီး...

"အင်း...ခုမှပဲ ရှင်းရှင်းလင်းလင်းဖြစ်သွားတယ်၊ ဘုရား...ဘုရား..." ဆိုပြီး သူ့ပုတီးကို ချောက်ခနဲ စိပ်ပစ်လိုက်ပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကုလားကို ကုလားမရေးရဘူး၊ အိန္ဒိယလူမျိုးလို့ ရေးရမယ်တဲ့၊ ဒီလိုဆိုရင် ကုလားထိုင်ကို ဘယ်လိုရေးမလဲ၊ အိန္ဒိယထိုင်လို့ ရေးရမလားဗျာ"

လူကြီးက ငြိမ်၍နားထောင်နေသည်။ ဆရာဇနဝက ဆက်လက်ပြီး...

"ဒီအမိန့်ကို ဘယ်သူများ ရွှေဉာဏ်တော်စူးရောက်ပြီး ထုတ်လိုက်ပါလိမ့်"

"ကျုပ်ခိုင်းလိုက်တာပဲဗျ"

လူကြီး၏ ဖြေကြားသံကြားရသောအခါ ဇဝနလည်း အမြီးပြန်ကုပ်သွားသတဲ့။

❁



# ကုလားထိုင်ကို ဘယ်လိုရေးရပါ့

တစ်ရံရောအခါ စာနယ်ဇင်းသမားများကို အိန္ဒိယပြည်သားများကို 'ကုလား' ဟု မရေးရ၊ 'အိန္ဒိယနိုင်ငံသား' ဟု အမိန့်တစ်ရပ် ထွက်လာဖူးခဲ့၏။

ဒါကို မကျေနပ် ဘဝင်မကျသော ဆရာဇဝနသည် လူကြီးများနားသို့ပေါက်အောင် ပြောဆိုတော့သည်။


"တစ်သက်လုံး ရေးလာခဲ့တဲ့ အသုံးအနှုန်းကို ပြင်ခိုင်းတော့ ခက်ကျတာပေါ့ဗျာ..."

"ဘာများလဲ ကိုသိန်းရ"



www.burmeseclassic.com

www.burmeseclassic.com




## ကံစမ်းမဲဖောက်မယ်

နေရာတကာ ကံစမ်းမဲခေတ် ထ,နေရာ ၅၁–လမ်းမှ မုန့်ဟင်းခါးဆိုင်ကလည်း စားသုံးသူများကို ကံစမ်းမဲဖောက်မည်ဟု ဟစ်ကြွေး၏။

မိန်းကလေးတစ်စုက ဝမ်းသာအားရနှင့်…

"ဦးလေးဆိုင်က ကံစမ်းမဲဖောက်တယ်ဆိုတာ အဟုတ်လား"

"အဟုတ်ပေါ့"

"ပေါက်မဲက ဘာတွေ ဖောက်မှာလဲ၊ တီဗီလား၊ ရေခဲသေတ္တာလား"

"အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး"

စပယ်ဦးစာပေ



"ဒါဖြင့် ဘာဆုတွေ မဲဖောက်မှာလဲ"

"ငါ့ကိုလေ…"


ဆိုင်ရှင် လူဝမည်းမည်းပုပုကြီးက သူ့ကိုယ်သူ လက်ညှိုးထိုးပြရာ…

မိန်းကလေးများက…

"ဟင်…ဦးလေးကြီးကလဲ…" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ကျားဘညိမ်းရဲ့ ဟာသ

ရွှေအမြုတေ အယ်ဒီတာချုပ် ကိုဝင်းငြိမ်းရဲ့ဖခင် ကွယ်လွန်သူ ကျားဘညိမ်းဟာ လက်ဝှေ့ဆိုင်ရာ ရုပ်ရှင်ဇာတ်ကား အတော်များများကို အာ ကစားအတိုင်ပင်ခံအဖြစ် ကူညီပေးခဲ့သူဖြစ်ပါတယ်။

ကျားဘညိမ်းဟာ လက်ဝှေ့သာ ကျွမ်းကျင်သူမဟုတ်ပါဘူး။ စာရေးသားရာမှာလည်း သူ့သား ကိုဝင်းငြိမ်းလိုပဲ အလွန်ဖတ်လို့ကောင်းပါတယ်။

သူဟာ စာရေးကောင်းသူတစ်ယောက်တင် မဟုတ်ပါဘူး။ စကားပြောရာမှာလည်း အလွန်အာဝဇ္ဇန်းကောင်းသူ ဖြစ်ပါတယ်။ သူ စကားပြောရင် အနားက ဝိုင်းနားထောင်နေသူတွေ မနည်းပါဘူး ။





သူဟာ ရုပ်ရှင်ကိုလည်း ဝါသနာပါသူဖြစ်တော့ ရွှေမန်းရုပ်ရှင်ခြံနဲ့ မန္တလေးရုပ်ရှင်ခြံထဲကို မကြာခဏ ရောက်တတ်ပါတယ်။

သူ ခြံထဲရောက်လာတယ်ဆိုင်ရင်ပဲ ရုပ်ရှင်ခြံထဲက လူတွေဟာ လုပ်လက်စ အလုပ် ရပ်ထားပြီး သူ့ကို ဝိုင်းအုံနေကြတာပေါ့။

ကျားဘညိမ်းက မကြာခင်ကလေးကမှ နိုင်ငံခြားက လက်ဝှေ့ထိုးပြိုင်ပြီး ပြန်လာတာမို့ တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြတာပေါ့။

"ကိုဘညိမ်း...ဟိုမှာ ရာဇဝင်ကြွေး ဆပ်ခဲ့ရဲ့လား" လို့ မေး သူရှိလို "ကိုဘညိမ်း...နိုင်ငံခြားမှာ တော်တော်မှ စားသာခဲ့ရဲ့လား" လို့ မေးသူလည်း ရှိပါတယ်။ မန္တလေးရုပ်ရှင်က ဒါရိုက်တာ ကိုလှမြင့်ကတော့ နိုင်ငံခြားရုပ်ရှင် ဗဟုသုတတွေကို ဖောက်သည်ချခိုင်းတယ်။

ကိုဘညိမ်းကလည်း သူ့နိုင်ငံခြား အတွေ့အကြုံတွေကို အားရပါးရ ပြောပြတယ်။

"ကျုပ်ကို မြန်မာပြည်က လက်ဝှေ့သမားမှန်းလဲ သိရောဘာပြောကောင်းမလဲ...ကောင်မလေးတွေ ဝိုင်းလာပြီး အော်တိုရေးခိုင်း လို့ လက်ကို ညှောင်းယူရော၊ ဓာတ်ပုံဆရာတွေကဆိုလဲ မြန်မာတစ်ယောက်ကို ပေါင်ဖြူမကလေးတွေ ဝိုင်းခဲ့ကြတာကို မမြင်ဖူးတော့ တဖျပ်ဖျပ်နဲ့ ဓာတ်ပုံတွေ ရိုက်ယူကြတာပေါ့။

"အဲဒီလို ကျုပ်ကို 'အော်တိုဂရပ်ဟန်းတာ'တွေ 'ပါပါရဇီ'တွေ ဝိုင်းဝိုင်းလည်နေတာကို ခပ်လှမ်းလှမ်းကနေ ပြုံးကြည့်နေတဲ့သူ တစ်ယောက်ကို ကျုပ် သွားသတိပြုမိတယ်။



www.burmeseclassic.com

"နှုတ်ခမ်းမွေးစစနဲ့ အရပ်အမောင်းကောင်းကောင်း စမတ်ကျကျ ဝတ်စားထားတဲ့ လူတစ်ယောက်ကို တွေ့ရတယ်။

"သူ့ကို ကျုပ်က သေသေချာချာကြည့်လိုက်တော့မှ သူဟာ နှယ်နှယ်ရရလူ မဟုတ်ဘူး၊ ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီးဖြစ်နေတယ်ဗျ"

ဒါရိုက်တာ ကိုလှမြင့်က မအောင့်နိုင် မအည်းနိုင်ဘဲ သိချင်စောနဲ့...

"သူက ဘယ်သူလဲဗျ" လို့ မေးလိုက်တော့...

"ဘယ်သူရမှာလဲ...ကျုပ်တို့ အသည်းစွဲမင်းသားကြီး အဲရိဖလင်ပေါ့"

"ဟင်...ဟုတ်လား...သူ့ကို သွားမနှုတ်ဆက်ခဲ့ဖူးလား"

"ဘယ်နေလိမ့်မလဲဗျာ...ကျုပ် သူ့ရှိရာသွားပြီး မြန်မာပြည်က လက်ရေးသမား ကျားဘညိမ်းပါလို့ ကိုယ့်ကိုယ်ကို မိတ်ဆက် လက်ဆွဲနှုတ်ဆက်တာပေါ့"

"အဲရိဖလင် ကရော...ခင်ဗျားကို ဟက်ဟက်ပက်ပက် ပြန်နှုတ်ဆက်ရဲ့လား"

"ဖက်လဲတကင်း ဝမ်းသာအားရ နှုတ်ဆက်ရုံမကဘူး၊ မြန်မာပြည်က သူ့မိတ်ဆွေတစ်ယောက်ကို သိရဲ့လားလို့တောင် မေးလိုက်သေးတယ်"

"ဘယ်သူတုန်း... အဲရိဖလင်းရဲ့ မြန်မာပြည်က မိတ်ဆွေဆိုတာ..."







"အဲရိဖလင်းက မြန်မာပြည်က သူ့မိတ်ဆွေ ဒါရိုက်တာ ကိုလှမြင့်တစ်ယောက် နေကောင်းရဲ့လားလို့ မေးလိုက်တဲ့အကြောင်း ဆက်ဆက်ပြောလိုက်ပါတဲ့"

"ဟာဗျာ...ကျုပ်က အဟုတ်မှတ်လို့ နားထောင်နေတာ၊ ခင်ဗျား တော်တော်နှောက်တဲ့လူပဲ"

ဒါကတော့ ဝိုင်းရယ်တဲ့ကြားက ဒါရိုက်တာ ကိုလှမြင့်ရဲ့ ပြန်ပြောလိုက်သံပါ။



www.burmeseclassic.com



## ကျားဘညိမ်း - မင်း ငယ်ပါသေးတယ်တဲ့

ကျား ဘညိမ်းတစ်ယောက်ဟာ လက်ဝှေ့ထိုးတင်မကဘူး၊ စာရေးကောင်း၊ အပြောပါ ကောင်းတဲ့အကြောင်း ဖောက်သည်ချပြီးပါပြီ။

ခုတစ်ခါ ထပ် ဖောက်သည်ချချင်တာကတော့ ကျားဘညိမ်းရဲ့ ရယ်ရခက် ငိုရခက်တဲ့အကြောင်း ရေးချင်တယ်။

ကျားဘညိမ်းဟာ ရန်ကုန်ရောက်တဲ့အခါ သွေးသောက်တိုက်ကို ဝင်လာတတ်တယ်။ သူက အာစရိဆရာပြည့်နဲ့ ခင်မင်ရင်းနှီးတယ်။ လဒရဲ့ ရယ်စရာ ၁၆၀၀၀ အတွက်လည်း ကူညီခဲ့သူဖြစ်တယ်။





မင်းသားဖိုးပါကြီးဟာ လဒရဲ့ ရယ်စရာ ၁၆၀၀၀ စာစောင်မှာ ဓာတ်ပုံဓာတ်လမ်း ရယ်စရာလစဉ် အလုပ်မအားတဲ့ကြားက လိုက်ရိုက်ပေးခဲ့တယ်။

တစ်လတော့ ဖိုးပါကြီးက ချာတိတ်တစ်ယောက်နဲ့ လက်ဝှေ့ထိုးတဲ့ ရယ်စရာရိုက်မယ်လို့ ဆိုလာတယ်။

ကိုဘညိမ်းကို အကူအညီတောင်းတော့ လက်ဝှေ့အိတ်တွေအပြင် ချာတိတ်သရုပ်ဆောင်ဖို့ သူ့သားကလေးတစ်ယောက်ကိုတောင် တစ်ပါတည်း ခေါ်လာတယ်။

ကန်တော်ကြီးစောင်းသွားပြီး ဓာတ်ပုံဓာတ်လမ်းရိုက်ကြရင်းက ကျားဘညိမ်းနဲ့ ရယ်စရာ မောစရာတွေ ပြောဖြစ်ခဲ့သေးတယ်။

ထုံးစံအတိုင်း သူပြောတာကို ကျုပ်က နားထောင်ရတာပါ။

"ကျားဘညိမ်း...ဒီတစ်ခါ နိုင်ငံခြားသွားပြီး လက်ဝှေ့ထိုးပြိုင်တာမှာ လိုက်မသွားဘူးလား" လို့ မေးတော့...

"လိုက်သွားချင်တာပေါ့ဗျာ... ဒါပေမယ့် သူတို့က မခေါ်ဘူးဗျ"

"ဘာဖြစ်လို့တုန်း..."

"လူကြီးတွေက မင်း အသက်ကြီးသွားပြီတဲ့ဗျာ..."

နောက်သုံးနှစ်လောက်ကြာတော့ သူ တိုက်ကို ရောက်လာပြန်ပါရော...၊ ကျုပ်က ထုံးစံအတိုင်း သူ့ကို စ,လိုက်တယ်။

"ဘယ်လိုလဲ ကိုဘညိမ်း၊ ခုသွားကြတဲ့အဖွဲ့မှာ ခင်ဗျား ကျန်ခဲ့ပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုန်ဆို မပြောပါနဲ့တော့ဗျာ"

"ဘာဖြစ်လို့တုန်း...."

"ကျုပ်က အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါရစေဆိုတော့ကို လူကြီးတွေက မထည့်ဘူးဗျ"

"ဘာအကြောင်းပြလိုက်လို့လဲ"

"မင်း...ခေါင်းဆောင်လုပ်ဖို့ အသက်ငယ်ပါသေးတယ်တဲ့"



# မြန်မာ့ရုပ်ရှင်က မဒန်အိပ်စ်များ

စာမတတ်သူတွေဟာ လက်မှတ်ရေးထိုးတဲ့အခါမှာ ကြက်ခြေခတ် (X အိပ်စ်) ရတယ်။

မဒန်အိပ်စ် (မယ်ကြက်ခြေခတ်) တွေ မြန်မာ့ရုပ်ရှင်မှာ ၄၊ ၅ ဦး ရှိတယ်။ ခေတ်ဟောင်းက ရုပ်ရှင်မင်းသမီးကြီးများဖြစ်ကြတဲ့ ဒေါ်ခင်ခင်ကြည်နဲ့ ဒေါ်ခင်မကြီးတို့ဟာ စာရေး၊ စာဖတ် မတတ်ရှာကြဘူး။

သူတို့ ကုမ္ပဏီက ငွေထုတ်တဲ့အခါ ကြက်ခြေခတ်ရတယ်။

စာမတတ်ပေမယ့် ဒေါ်ခင်မကြီးဟာ သီချင်းတိုက်တဲ့အခါ အလွန်မှတ်ဉာဏ်ကောင်းပြီး ချက်ချင်းရသတဲ့။

စပယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ကြည်ကလည်းပဲ ဒိုင်ယာလော့တွေ ချပေးရင် တစ်ခေါက်တည်းနဲ့ ရတယ်တဲ့။

အေဝမ်းက မင်းသမီးကြီး ဒေါ်ဂျမ်းစိန်ဟာလည်း စာမတတ်ရှာဘူး။ ဒါပေမယ့် ဉာဏ်အလွန်ကောင်းတယ်။ စကားပြော ဒိုင်ယာလော့တွေ တစ်ခါချပေးရုံနဲ့ မှတ်မိတယ်။ သူလည်းပဲ ငွေထုတ်ယူတဲ့ အခါ ကြက်ခြေခတ်ရတာပဲ။

နောက်တစ်ယောက် ရှိသေးတယ်။ သူကတော့ ဒေါ်စိန်ခင်ကြီး ပါ။ ဒေါ်စိန်ခင်ကြီးလည်း စာမတတ်ရှာဘူး။ ဒါပေမယ့် ကားထဲမှာ သတင်းစာဖတ်ပြခန်းပါရင် မသိရင် တကယ်စာတတ်လို့ ဖတ်နေသလား အောက်မေ့ရတယ်။

❁



## ကျွန်တော်လည်း ထိုနည်းလည်းကောင်း

ယနေ့ နာမည်ကြီးမင်းသားတစ်ဦးသည် မြာမှုပွဲ၌ သူ၏ ကြင်ယာတော်က ထိုမင်းသား၏ အကြီးအကဲထံ သွားတိုင်ကြားရာ ထိုပုဂ္ဂိုလ်က "မိန်းမရုပ်တဲ့ကိစ္စ မပြောနဲ့၊ ငါလဲ မိန်းမအများကြီး ယူတာပဲ" ဟု ပြန်ပြောလိုက်သဖြင့် ကြင်ယာတော်မှာ ပန်လန်လက်ပက်လက်လန်ကာ ပြန်လာခဲ့ရသည် ဟူ၏။

❁

www.burmeseclassic.com

www.burmeseclassic.com



# ချောကလက်နို့အေးချောင်း

တစ်ခေတ် တစ်ချိန်တုန်းက မန္တလေးမြို့က မန္တလေးရုပ်ရှင်ကုမ္ပဏီကြီး ပေါ်လာလို့ ရန်ကုန်က ရုပ်ရှင်ကုမ္ပဏီတွေ တော်တော်အကြပ်ရိုက်ကုန်ကြတယ်။

ရှိသမျှ ထိပ်တန်း မင်းသား၊ မင်းသမီး၊ ဓာတ်ပို့ ဓာတ်ရံတွေ အကုန်ခေါ်သွားလို့ ရန်ကုန်မှာ ကားမရိုက်နိုင်ဘဲ ရပ်ကုန်ကြရှူးတယ်။

မန္တလေးရုပ်ရှင်က မင်းသား၊ မင်းသမီးတွေကို မ,သွားပြီဆိုရင် (၁၀) ရက် (၁၅)ရက်လောက် ကြာလေ့ရှိတယ်။

မန္တလေးရုပ်ရှင်က ငွေရင်းတောင့်တော့ အားလုံးကို ကုမ္ပဏီစရိတ်နဲ့ အကုန်အကျခံခေါ်ပါတယ်။ မန္တလေးမှာလည်း ဟိုတယ်မှာ တည်းခိုင်းပြီး ပြုစုတာ လိုလေသေးမရှိပါဘူး။

စပယ်ဦးစာပေ



မန္တလေးရုပ်ရှင်ရဲ့ ပွဲဦးထွက် 'ဘဝသံသရာ' ဓာတ်ကားကြီးကို ဒါရိုက်တာ ဆရာဦးသုခက တာဝန်ယူရိုက်ကူးပေးခဲ့ပါတယ်။

ဆရာဦးသုခဟာ ရန်ကုန်မှာလည်း ကားလက်ခံရိုက်ကူးထားတာမို့ သူလည်း မန္တလေးမှာ ကြာကြာမနေနိုင်ပါဘူး။ သွားချည်ပြန်လှည့်နဲ့ ရန်ကုန်—မန္တလေးကို လွန်းပျံပြေးလွှားနေရတယ်။

တစ်နေ့တော့ ဆရာဦးသုခဟာ ခါတိုင်းလို မီးရထားမစီးတော့ဘဲ လေကြောင်းခရီးနဲ့ မန္တလေးကို တက်လာခဲ့တယ်။

ဆရာနဲ့အတူ လက်ဆွဲတော် တပည့်ကျော် ဓာတ်ပုံဆရာကိုထွန်းလှိုင်အပြင် ဆရာကတော် ဒေါ်ကျင်လည်း ပါလာတယ်။

လေယာဉ်ပျံက ပေ တစ်သောင်းကျော်အမြင့်ကနေ ပျံသန်းတော့ အလွန်အေးတာပေါ့။

ပိန်ပိန်သေးသေး ဆရာဦးသုခဟာ အအေးဒဏ်ကို မခံနိုင်လို့ ခိုက်ခိုက်တုန်အောင် ချမ်းနေရှာတာပေါ့။

အနားက ဆရာကတော်က အနွေးထည်တွေ အထပ်ထပ် ဝတ်ထားပေး၊ စောင်တွေ ထုတ်ပြီး ခြုံပေး၊ ခြေဆုပ်လက်နယ်လည်း လုပ်ပေးရှာပါတယ်။

ဆရာကတော်က ဆရာဦးသုခရဲ့ လက်ချောင်းကလေးတွေကို ဆုပ်နယ်ပေးရင်းက . . .

"အမယ်လေး . . . ကြည့်စမ်းပါဦး၊ ဆရာ့လက်ချောင်းကလေးတွေ အေးလွန်းလို့ ချောကလက်နို့အေးချောင်းတွေ ကျနေတာပဲ" လို့ ပြောသတဲ့။

စပယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးသုခက သူ့ကို ခြေဆုပ်လက်နယ်ပြုစုတာကို သဘောကျပေမယ့် ဆရာကတော် ဒေါ်ကျင် ပြောလိုက်ပုံကိုတော့ သဘောမကျဘူး။


"ဟော့...မကျင်၊ ငါ့လက်ချောင်းတွေ အေးနေလို့ ရှိုးရှိုးနို့အေးချောင်းနဲ့ တူတယ်ဆို ပြီးသားနဲ့၊ ဘာလို့ မင်းက ချောကလက်နို့အေးချောင်းလို့ ထည့်ပြောရတာတုန်းကွ..."

"ဆရာ့လက်ချောင်းကလေးတွေက ရှိုးရှိုးနို့အေးချောင်းနဲ့မှ မတူတာ၊ ချောကလက်နို့အေးချောင်းနဲ့ တူလို့ တူတယ် ပြောလိုက်တာပေါ့"

ဆရာဦးသုခက သူ အသားမည်းတာကို မည်းတယ်လို့ ပြောတာ ဘယ်ကြိုက်မှာလဲ။

ဒါရိုက်တာ ဦးတင်ယုနဲ့ မင်းသမီးကြီး တင်တင်မူတို့က သူ့ကွယ်ရာမှာ...

'နက်ကြွတ်' လို့ နာမည်ပြောင်ခေါ်သလို စာရေးဆရာမကြီး ဒေါ်မာလာကလည်း 'မှန့်ကျွဲသဲ' ကြီးလို့ ရေးရေးနေတာပဲ။



# အသက်မကြီးချင်တဲ့ ဒါရိုက်တာ

ရုပ်ရှင်သက်ကြီးမိဘများ ပူဇော်ပွဲ ပထမဆုံး စလုပ်ခဲ့တဲ့နှစ်က ၁၉၆၉-ခုနှစ်ပါ။

ဒီတုန်းက အသက် (၆၀) ပြည့်တဲ့ ရုပ်ရှင်ပညာသည်များအပြင် စတူဒီယိုစောင့်တွေပါမကျန် ဖိတ်ကြားကန်တော့ခဲ့ပါတယ်။

ပထမဆုံးလုပ်တဲ့ သက်ကြီးပူဇော်ပွဲကို မတက်ရောက်နိုင်တဲ့ ရုပ်ရှင်သက်ကြီးမိဘများဆီကို အခုလိုပဲ အိမ်တိုင်ရာရောက်သွားပြီး ကန်တော့ကြပါတယ်။

ဒီပြင် သက်ကြီးမိဘများဆီ သွားကန်တော့တဲ့အခါမှာ ဘာပြဿနာမှ မဖြစ်ခဲ့ပေမယ့် ဒါရိုက်တာကြီးတစ်ယောက်ဆီကို သွားပြီ

www.burmeseclassic.com



ကန်တော့တဲ့အခါမှာ ဆရာပြည့်စုံနဲ့ အဖွဲ့ဝင်တွေဟာ ပြေးပေါက်များမလို့ ...။

ဒါရိုက်တာကြီးဆီရောက်တော့ ဆရာပြည့်စုံတို့က ပါလာတဲ့ ကန်တော့မယ့် ပစ္စည်းတွေ ချပြီး ကန်တော့မယ်လုပ်တော့ ဒါရိုက်တာကြီးက ...

"ဟေ့...ဟေ့...ဒါက ဘာလုပ်တာလဲ...ဟိတ်..."

"ကျွန်တော်တို့ ကန်တော့တဲ့နေ့က ဆရာ မကြွရောက်နိုင်လို့ အိမ်တိုင်ရာရောက် လာကန်တော့ကြတာပါ ဆရာ"

ဒါရိုက်တာကြီးက သာဓုမခေါ်ဘဲ စိတ်ဆိုးမာန်ဆိုးနဲ့ ...

"သွား...သွား...မင်းတို့ ကန်တော့တာတွေ၊ အကုန်ပြန်ယူသွားကြ၊ သွားကြကွာ...သွားကြ" ဟု နှင်ထုတ်လို့ ဆရာပြည့်တို့ တစ်တွေ အံ့အားသင့်ပြီး ပြန်ဆင်းပြေးလာခဲ့ရတာပေါ့။

ဒီအကြောင်း ဥက္ကဋ္ဌ ဦးညီပုဆီ ပြန်တိုင်တဲ့အခါ ဦးညီပုက ပြုံးနားထောင်နေရာက ဘာပြောတယ် မှတ်သလဲ။

"ကို (......) က သူ့ကို အသက်ကြီးတယ်လို့ အပြောဘယ်တော့မှ မခံဘူး၊ ခုအချိန်ထိ ပေါင်ဒါရေမွှေးသုံးတုန်း၊ ဘယ်သူ့အသုဘကိုမှလဲ လိုက်ပို့တတ်တဲ့သူ မဟုတ်ဘူး၊ သူ့ကိုယ်သူ ကာလသားအဘိုးကြီး ကျနေတာပဲ" တဲ့ခင်ဗျာ။

လဒ

စာမူခွင့်ပြုချက်အမှတ် (၂၂၆/၂၀၀၄) (၃)

◆ အရက်သည် သောက်တတ်လျှင် ဆေး၊ မသောက်တတ်လျှင် ဘေးဖြစ်သည်ဟု ဆိုကြ၏။

◆ အရက်ကြောင့် လူကျန်းမာ၍ စိတ်ချမ်းသာသူများ ရှိသလို...

◆ အရက်ကြောင့် ဘဝပျက်သွားကြရသူများလည်း ရှိကြ၏။ ထို့ကြောင့်...

◆ အရက်၏ ကောင်းကျိုး ဆိုးကျိုးကို သိရှိစေမည့်...

# လူနဲ့ အရက်

စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး ပြုစုသည်။

စာအုပ်အမှတ် (၁) (၂) တစ်ပြိုင်တည်း

ထွက်ပါပြီ။

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၃၇၃၃၄၆၃)

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com